# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၂၂ ရက်၊ သောကြာနေ့၊ အတွဲ(၄၅)၊ အမှတ်(၃၅၄)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E°Mr.°°Shekhar Dutt အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E° Mr. Shekhar Dutt ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့အား ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကြည်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူတို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr. Shekhar Dutt ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E° Mr.Bhaskar Kumar Mitra°၊ စစ်သံမှူး Colonel, Jasvinder Singh Chopra နှင့် သံရုံးအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

**အယ်ဒီတာ့ အာဘော်**

(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

# မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဦးတည်ချက်များ ပေါက်မြောက်အောင်မြင်အောင်စွမ်းဆောင်

မြန်မာတို့သည် မိမိလူမျိုး၏အမျိုးသားရေးဂုဏ်ရည်၊ အမျိုးသားရေးစံထားမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများကို သမိုင်းဦးအစကာလမှသည် ယနေ့ထက်တိုင် ခိုင်ခိုင်မာမာ မော်ကွန်းထိုးထားနိုင်ခဲ့ဖြစ်သည်။

ထို့ကြောင့် မြန်မာ့အတွေးအမြင်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ လူမှုတန်ဖိုးနှင့် လူမှုကျင့်ဝတ်များကို အစဉ်တစိုက် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်သွားကြရမည် ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပနေခြင်းသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်နေခြင်း ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာ့ ရိုးရာယဉ်ကျေးမှု အနုပညာအဆီအနှစ်များကို ဖော်ထုတ်တင်ဆက်ပြသနိုင်ကြမည်ဖြစ်သည်။ သုခုမအနုပညာရပ်များ၏ ရသဂုဏ်မြောက်မှုများနှင့် အမျိုးသားရေး ဇာတိမာန်၊ အမျိုးသားရေး အနှစ်သာရများကို ယနေ့လူငယ်လူရွယ်များ ပိုမိုသိမြင်ခံစား နားလည်လာနိုင်ကြမည် ဖြစ်သည်။

၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နေပြည်တော်၌ အောက်တိုဘာလ ဒုတိယပတ်ခန့်တွင် ကျင်းပတော့မည်ဖြစ်ရာ ပြည်နယ်၊ တိုင်းအသီးသီးမှ ဆန်ခါတင်ရွေးချယ်ခံထားရသည့် အနုပညာရှင်များနှင့်ဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်ရန် အသင့်ဖြစ်နေကြပြီဖြစ်သည်။

ပြိုင်ပွဲဝင်များအနေဖြင့် မြန်မာ့အနုပညာစစ်စစ်ကိုအထူးချွန်ဆုံး၊ အပြောင်မြောက်ဆုံး အနုပညာရပ်များဖြင့် ပါဝင်ယှဉ်ပြိုင်ဆင်နွှဲကြခြင်းဖြင့် ယခုနှစ်ကျင်းပမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို စည်စည်ကားကား၊ မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပသွားနိုင်မည် ဖြစ်သည်။

၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားရန်၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက် ထွန်းကားပြန့်ပွားရန်၊ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်၊ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်ဟူသော ဦးတည်ချက်(၇)ရပ်ဖြင့် ကျင်းပသွားမည်ဖြစ်ရာ ယင်းဦးတည်ချက်များ ပေါက်မြောက်အောင်မြင်အောင် တာဝန်ရှိသူ အသီးသီးက ကြိုးပမ်းစွမ်းဆောင်သွားကြမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



**အမှာစကားပြောကြား**

**သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် သမဝါယမ ဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** (သမဝါယမ)

# အားနည်းချက်၊ ချို့ယွင်းချက်များ ထိန်းကျောင်းပေး ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင် မှုဘောင်အတွင်းမှ လွတ်လပ်စွာ အကောင်အထည်ဖော်

နေပြည်တော် စက်တင်ဘာ ၂၁

**သမဝါယမဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် တက်ရောက် အမှာစကား ပြောကြားသည်။**

**လွတ်လပ်စွာအကောင်အထည်ဖော်**

ရှေးဦးစွာဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က အမှာစကား ပြောကြားရာတွင် သမဝါယမဝန်ကြီးဌာနသည် လုပ်ငန်းများကို သမဝါယမအသင်းအဆင့်ဆင့်နှင့် ပူးပေါင်း အကောင်အထည်ဖော်ရသော ဌာနဖြစ်၍ ဌာနနှင့်အသင်းများက မိမိတာဝန်ကို မိမိကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ဝန်ကြီးဌာနသည် နိုင်ငံတော်က သတ်မှတ်ပေးသော ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန်နှင့် သမဝါယမအသင်းများ၏ အားနည်းချက်၊ ချို့ယွင်းချက်များကို ထိန်းကျောင်းပေးရန်ဖြစ်ပြီး အသင်းများသည် အမျိုးသားဝင်ငွေ တိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင် မှုဘောင်အတွင်းမှ လွတ်လပ်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း အကျယ်တဝင့် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က မိမိတို့ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက လျာထားချက်ထက် ပို့ကုန်ပိုမိုတင်ပို့နိုင်မှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်၊ တိုင်းသမဝါယမ ဦးစီးဌာနမှူးများ၊ ဗဟိုသမဝါယမအသင်း ဥက္ကဋ္ဌနှင့် သမဝါယမဘဏ်လီမိတက်ဥက္ကဋ္ဌ တို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။

**(သတင်းစဉ်)**



**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၉ မိုင် ဗိုလ်ဉာဏလမ်း အမှတ်(၃၃၃)နေ ဗိုလ်မှူးကြီးကိုကို-ဒေါ်အေးအေးမြင့် မိသားစုတို့က သမီးဖြစ်သူ နဝရက်မွေးနေ့အတွက် ဆွမ်းပဒေသာပင်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာအေးမြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့သိပ္ပံနှင့်နည်းပညာ<br>သုတေသနဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့သိပ္ပံနှင့်နည်းပညာ<br>သုတေသနဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ခ) ဦးအောင်ကိုးရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်အကောင်အထည်<br>ဖော်ရေးဦးစီးဌာန<br>အမှတ်(၁)လျှပ်စစ်စွမ်းအား<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ် အကောင်<br>အထည်ဖော်ရေးဦးစီးဌာန<br>အမှတ်(၁)လျှပ်စစ်စွမ်းအား<br>ဝန်ကြီးဌာန |
| (ဂ) ဒေါက်တာသန်းမြင့်<br>ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(မကွေး)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ဃ) ဒေါက်တာမောင်မောင်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(မကွေး)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (င) ဦးဇော်ငွေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်)<br>ပညာရေးဝန်ကြီးဌာန |
| (စ) ဦးတင်မြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ရှေ့နေချုပ်ရုံး |

## ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ

**ရန်ကုန် စက်တင်ဘာ ၂၁**

(၅၃)ကြိမ်မြောက် ဆရာဝန်ညီလာခံဖြစ်မြောက်ရေး ကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များအား စက်တင်ဘာ ၂၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းအဆောက်အအုံ (အပေါ်ဆုံးထပ်)၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ၊ ရွှေတိဂုံစေတီတော် ကြည်ညို



ရန်ကုန် စက်တင်ဘာ ၂၁

**အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr. Shekhar Dutt ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ယမန်နေ့နံနက် ၁၁ နာရီ ၁၅ မိနစ်က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။**

## ကြိုဆိုနှုတ်ဆက်

အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကြည်ဝင်း၊ မင်္ဂလာဒုံ လေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ ရေဝတီ ရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Bhaskar Kumar Mitra၊ စစ်သံမှူး Colonel, Jasvinder Singh Chopra နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ယာပုံ)**

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဗိုလ်မှူးကျော်ကျော်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး တပ်မတော် စစ်သမိုင်းပြတိုက်နှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားကြသည်။

## ရှင်းလင်းပြသ

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝိမာန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နုမြဲ၊ ပြတိုက်မှူး ဒေါ်မိမိသက်နွယ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး အမျိုးသားပြတိုက်ရှိ ပြခန်းများကို လိုက်လံ ရှင်းလင်းပြသကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် အမျိုးသားပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုကြရာ စေတီတော် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် စေတီတော်ရင်ပြင်ရှိ ဧည့်ခံတန်ဆောင်း၌ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ရွှေတိဂုံစေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံ၍ ရွှေတိဂုံစေတီတော် ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

## ဖူးမြော်ကြည်ညို

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အားလည်းကောင်း၊ ရင်ပြင်တော်ရှိ အောင်မြေ၌ စေတီတော်မြတ်ကြီးအားလည်းကောင်း ဖူးမြော်ကြည်ညိုကြသည်။

## ကြည့်ရှုလေ့လာ

ထို့နောက် ဧည့်သည်တော် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကြည်ညိုကြပြီး စေတီတော်ရင်ပြင်ရှိ သာသနိက အဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**



**ကမာရွတ်မြို့နယ် ရန်ကုန်-အင်းစိန်လမ်း တိုက် ၁၆၉ အခန်း ၄ နေ ဦးစည်သူမြင့်ဆွေနှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် ၂ အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံယူစဉ်။** (က-ပ)

## နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်း သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် ပါဠိကာရီ ပရိယတ္တိစာသင်တိုက် ချမ်းမြေ့နန္ဒာ ပါဠိကာရီ ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန မဟာနာယက ဆရာတော်ဖြစ်တော်မူသော (ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ...) မဟာထေရ်သည် (၁၃၆၈ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက်) စက်တင်ဘာ ၂၅ ရက်၌ ဗဟန်းမြို့နယ် ကြားတောရလမ်း မင်္ဂလာဈေးဓမ္မာရုံ ကြေးသွန်းဘုရားကြီးရှေ့ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ဦးငွေအောင်မိသားစု မင်္ဂလာဈေး တရားပွဲအလှူရှင်မဏ္ဍပ်မင်္ဂလာတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၉-၂၀၀၆ ရက် (သောကြာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယ်ဥ်
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ မြန်မာ့မီးရထားစွမ်းအား ကျောက်ရေတွင်းခုံးကျော်တံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ English for Everyday Use

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၁၆:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၁၀ ၆။ မြန်မာစာ မြန်မာစကား
၁၇:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
၁၇:၃၀ ၈။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ပိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၇:၄၀ ၉။ **၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် တေးများ**
၁၇:၅၀ ၁၀။ တည်ဆောက်ပြုပြင် ရှမ်းအရှေ့တစ်ခွင်
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၃။ သုတစုံလင်ရွှေဥဏ်ရှင်
၁၉:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်နတ်သမီး"** (အပိုင်း-၃)
၁၉:၄၀ ၁၅။ ယှဉ်ပြိုင်ဝင်နွှဲ ASEAN Quiz 2006 ပြိုင်ပွဲ
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေး ပထမချစ်ပုံပြင်"** (အပိုင်း-၂)

## ရန်ကုန်-မန္တလေး အစုန်၊အဆန် လူစီးအမြန်ရထားများ၏ အချိန်စာရင်းသစ်

ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အစုန်၊ အဆန် လူစီးအမြန်ရထားများ၏ ရထားထွက်ချိန်၊ ရထားဆိုက်ရောက်ချိန်များကို ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ (အင်္ဂါနေ့)မှစ၍ အချိန်စာရင်းသစ်ဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း မြန်မာ့မီးရထား၏ ကြေညာချက်အရ သိရှိရပါသည်။ ပြေးဆွဲမည့် ရထားအချိန်စာရင်းသစ်ကို အောက်ပါအတိုင်း ကြေညာထားကြောင်း တွေ့ရှိရပါသည်။

**အဆန်ရထားများ**

| စဉ် | ရထားအမှတ် | ရန်ကုန်မှ ထွက်ခွာချိန် | နေပြည်တော်သို့ ဆိုက်ရောက်ချိန် | မန္တလေးသို့ ဆိုက်ရောက်ချိန် |
|---|---|---|---|---|
| ၁ | ၂၉ အဆန် | ၀၄:၀၀ | ၁၂:၀၇ | ၁၈:၀၀ |
| ၂ | ၁၇ အဆန် | ၀၄:၃၀ | ၁၃:၀၈ | ၁၉:၃၀ |
| ၃ | ၅ အဆန် | ၀၅:၀၀ | ၁၃:၄၅ | ၂၀:၁၀ |
| ၄ | ၃ အဆန် | ၀၅:၃၀ | ၁၄:၃၃ | ၂၁:၃၀ |
| ၅ | ၁၁ အဆန် | ၀၆:၀၀ | ၁၅:၁၀ | ၂၂:၀၀ |
| ၆ | ၃၁ အဆန် | ၀၉:၀၀ | ၁၇:၄၅ | - |
| ၇ | ၇ အဆန် | ၀၉:၃၀ | ၁၈:၁၅ | - |

**အစုန်ရထားများ**

| စဉ် | ရထားအမှတ် | မန္တလေးမှ ထွက်ခွာချိန် | နေပြည်တော်မှထွက်ခွာချိန်/ နေပြည်တော်သို့ဆိုက်ရောက်ချိန် | ရန်ကုန်သို့ ဆိုက်ရောက်ချိန် |
|---|---|---|---|---|
| ၁ | ၈ အစုန် | - | ၀၆:၃၀ | ၁၅:၃၀ |
| ၂ | ၃၂ အစုန် | - | ၀၈:၄၅ | ၁၇:၄၅ |
| ၃ | ၃၀ အစုန် | ၀၄:၀၀ | ၀၉:၃၃ | ၁၈:၀၀ |
| ၄ | ၁၈ အစုန် | ၀၄:၃၀ | ၁၀:၂၄ | ၁၉:၃၀ |
| ၅ | ၆ အစုန် | ၀၅:၀၀ | ၁၀:၅၈ | ၂၀:၁၀ |
| ၆ | ၄ အစုန် | ၀၅:၃၀ | ၁၁:၄၉ | ၂၁:၃၀ |
| ၇ | ၁၂ အစုန် | ၀၆:၀၀ | ၁၂:၂၀ | ၂၂:၀၀ |

## မြဝတီရုပ်မြင်သံကြား

၂၂-၉-၂၀၀၆ (သောကြာနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံယောဇဉ်"** (အပိုင်း-၁၉) ဇာတ်သိမ်းပိုင်း
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ **သံဃာ့ဂုဏ်ရည် မြတ်လယ်တီ** -ဒို့မြန်မာလူမျိုးအတွက်ရေးသည်၊ စာတစ်ပုဒ် ရွှေတစ်ချောင်း
၁၉။ စိုက်ပျိုးသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (ဒုတိယတွဲ)(အပိုင်း-၂၅)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၉-၂၀၀၆ (သောကြာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ Myanmar Video Rhythm
၇:၅၅ တေးဂီတအစီအစဉ်
၈:၀၀ အမျိုးသားပြတိုက် မြန်မာ အက္ခရာနှင့် လက်ရေးမူပြခန်း
၈:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၈:၂၅ သွားမယ်၊ စားမယ် (ဗိုလ်တီး Food Center)
၈:၄၅ တေးဂီတအစီအစဉ်
၈:၅၀ လင်းလက်တောက်ပ သဘော်ဆေးအလှ
၉:၀၅ ပြည်တွင်းသတင်းအကျဉ်း
၉:၁၅ သတိတစ်ချက် တစ်သက်အမှား (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်)
၉:၂၅ တေးဂီတအစီအစဉ်
၉:၃၀ Midweek Sports News
၉:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀ တေးဂီတအစီအစဉ်
၉:၅၅ ငွေတောင်သူတို့ရိုးရာ ဂျပ်ခုတ်အထည်ရတနာ
၁၀:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀ ပမ္မဝတီတံတား (မြင်းကဆိပ်)
၁၀:၂၀ မိုးလေဝသခန့်မှန်းချက်
၁၀:၂၅ ငွေကြယ်ပွင့်တို့ရဲ့ ဖြစ်တည်မှု (L လွန်းဝါနှင့် သူ၏ အနုပညာခရီးလမ်း)
၁၁:၁၅ တေးဂီတအစီအစဉ်
၁၁:၂၀ စိုက်ပျိုးဖို့လွယ်ကူစေမှာ ကောက်ရိုးမှိုပါ
၁၁:၃၀ တေးဂီတအစီအစဉ်
၁၁:၃၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၄၅ စန္ဒရားညတစ်ည (အပိုင်း-၂)
၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# အာရှ၏အကြီးဆုံးကျောက်မျက်ပြပွဲ ဟောင်ကောင်၌ ခင်းကျင်းပြသ

ဟောင်ကောင် စက်တင်ဘာ ၂၁

**အာရှဒေသ၏ နိုင်ငံတကာ ကျောက်မျက်ပြပွဲကို ဟောင်ကောင်တွင် စက်တင်ဘာ ၁၈ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။**

အဆိုပါ ကျောက်မျက်ရတနာပြပွဲသည် အာရှ၏ အကြီးမားဆုံးကျောက်မျက်ပြပွဲတစ်ခုဖြစ်ပြီး ကမ္ဘာတွင်လည်း အကြီးမားဆုံး ကျောက်မျက်ပြပွဲသုံးခုအနက်တစ်ခုဖြစ်ကြောင်း သိရသည်။

**ရောင်းချ**

ဟောင်ကောင် ကျောက်မျက်ပြပွဲသို့ နိုင်ငံတကာမှ ကျောက်မျက်ကုန်သည် ၁၁၀၀၀ ကျော် လာရောက်ကြပြီး အာရှနိုင်ငံပေါင်း ၄၇ နိုင်ငံမှ ပြခန်း ၂၅၀၀ခန့် ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

**ခင်းကျင်းပြသ**

ပြပွဲတွင် အသင့်ဝတ်ကျောက်မျက်ရတနာများ၊ သွေးပြီးသားစိန်ပွင့်များ၊ ကျောက်မျက်အရိုင်းတုံးများ၊ ပုလဲများနှင့် အခြားလက်ရာစုံ ကျောက်မျက်ရတနာများစွာ ခင်းကျင်းပြသထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**




# အိန္ဒိယ၌ မိုးသည်းထန်စွာရွာသွန်း ရွာပေါင်းများစွာရေလွှမ်းခံရ

နယူးဒေလီ စက်တင်ဘာ ၂၁

**အိန္ဒိယနိုင်ငံ အရှေ့တောင်ပိုင်း အန်ဒရာပရာဒေ့ရှ် ပြည်နယ်တွင် စက်တင်ဘာ ၁၈ရက်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ကျေးရွာပေါင်းများစွာရေလွှမ်းခဲ့ပြီး အနည်းဆုံး လူငါးဦးခန့်သေဆုံးခဲ့ရကြောင်း အင်ဒို-အာရှ သတင်းဌာနက စက်တင်ဘာ၁၉ရက်၌သတင်းထုတ်ပြန်သည်။** (အောက်ယာပုံ)

အန်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ခရိုင် ၂၃ ခုအနက် ခြောက်ခရိုင်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် စက်တင်ဘာ ၁၈ ရက်မှ စတင်ကာ လျှပ်စစ်ဓာတ်အားပြတ်တောက်လျက်ရှိသည်ဟု ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။ ထိုသို့ မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် ကောက်ပဲသီးနှံစိုက်ဧရိယာ ဟတ်တာ ၁၀၀ ကျော် ပျက်စီးခဲ့ပြီး မြို့အများအပြားတွင် သယ်ယူပို့ဆောင်ရေးနှင့် ဓာတ်အားဖြန့်ဆည်းရေးများ ထိခိုက်ခဲ့ရသည်။

**မြင့်တက်ဆဲ**

အန်ဒရာပရာဒေ့ရှ် ပြည်နယ်အတွင်းရှိ အဓိကမြစ်နှစ်ခုဖြစ်သော ဂိုဒါဗာရီနှင့် ခရစ်ရှားနားမြစ်များတွင် မိုး ဆက်လက်ရွာသွန်းနေမှုကြောင့် မြစ်ရေမြင့်တက်နေဆဲ ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ထိုင်းအေအာရ်စီအဖွဲ့အား ထိုင်းဘုရင် အတည်ပြု

**ဗန်ကောက် စက်တင်ဘာ ၂၁**

ထိုင်းဘုရင့်ကြည်းတပ် ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆွန်သီဗွန်ရာရတ်လင် ဦးဆောင်သည့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုကောင်စီ (အေအာရ်စီ) ဖွဲ့စည်းလိုက်မှုကို ထိုင်းဘုရင်က စက်တင်ဘာ ၂၀ ရက်က အတည်ပြုလက်မှတ်ရေးထိုး လိုက်ပြီဖြစ်ကြောင်း ထိုင်းစစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ဖော်ပြ**

ထိုအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုကောင်စီ(အေအာရ်စီ)အနေဖြင့် ထိုင်းရွေးကောက်ပွဲကော်မရှင်အသစ်တစ်ရပ်ကိုဖွဲ့စည်းကာ ရွေးကောက်ပွဲကျင်းပရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း (အေအာရ်စီက) ထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြသည်။

**ဖွဲ့စည်းပေးသွားမည်**

ထို့အတူ ဒေသဆိုင်ရာရွေးကောက်ပွဲကော်မရှင် အသစ်များကိုလည်း ရွေးချယ် ဖွဲ့စည်းပေးသွားမည်ဖြစ်ပြီး ဒေသဆိုင်ရာ အုပ်ချုပ်ရေးကောင်စီ အသစ်များကိုလည်း ဆက်လက် ဖွဲ့စည်းပေးသွားမည်ဟု သတင်းထုတ်ပြန်ချက်၌ ဆက်လက်ဖော်ပြထားသည်။

**ထုတ်ပြန်**

ထို့အပြင်(အေအာရ်စီ)ကောင်စီဝင်များက နိုင်ငံတော်အာဏာလွှဲပြောင်းရယူမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားမှုများပြုလုပ်ခဲ့ကြောင်း (အေအာရ်စီ)၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားမှုကို သည်နေးရှင်း သတင်းစာက သတင်းဖော်ပြခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ရွှေမြင်းရုပ်

**ဂျပန်နိုင်ငံ တိုကျိုမြို့ ကျောက်မျက်ရတနာဆိုင် တစ်ဆိုင်တွင် ရွှေဖြင့် ပြုလုပ်ထားသော ကလေး ကစားစရာ မြင်းရုပ်တစ်ခုကို စက်တင်ဘာ ၂၁ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဘဂ္ဂဒက်၌ တိုက်ခိုက်မှုဖြစ်ပွား

**ဘဂ္ဂဒက် စက်တင်ဘာ ၂၁**

ဘဂ္ဂဒက်မြို့ တောင်ပိုင်း လူနေရပ်ကွက်များအတွင်း စက်တင်ဘာ ၁၉ ရက်က တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် လူ ၁၀ ဦးသေဆုံးပြီး လူ ၂၀ ဒဏ်ရာရရှိသွားကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

သို့ရာတွင် ပထမဆုံးရရှိသော သတင်းများအရ နှစ်ဦးသေဆုံးပြီး ၁၉ ဦး ဒဏ်ရာရရှိသွားခဲ့သည်ဟု ရဲတပ်ဖွဲ့၏သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များဖြန့်ကြက်ချထားရာဘဂ္ဂဒက်မြို့၏ တစ်စိတ်တစ်ဒေသဖြစ်သော ဒိုရာဒေသတွင် အဆိုပါတိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်သည်။ အမေရိကန်နှင့် အီရတ် တိုက်ခိုက်ရေးသမားများအကြား ပြီးခဲ့သည့်အပတ်မှစတင်ကာ တိုက်ခိုက်မှုပို၍များပြားလာခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**



**တရုတ်စုံတွဲများအား အဲဗားလန်း အပန်းဖြေ ဥယျာဉ်တွင် တောင်ကိုရီးယား ကလေးငယ်များနှင့်အတူ စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# တောင်ကိုရီးယား အဲဗားလန်းအပန်းဖြေဥယျာဉ်တွင် တရုတ်စုံတွဲ ၅၀၏ မင်္ဂလာအခမ်းအနားကျင်းပ

**ဆိုးလ် စက်တင်ဘာ ၂၁**

တရုတ်နိုင်ငံမှ စုံတွဲ ၅၀ သည် စက်တင်ဘာ ၂၀ရက်က ဆိုးလ်မြို့တောင်ဘက် ၃၁မိုင်ခန့်အကွာရှိ တောင်ကိုရီးယားနိုင်ငံ၏အကြီးဆုံး အဲဗားလန်းအပန်းဖြေဥယျာဉ်တွင် ၎င်းတို့၏ မင်္ဂလာအခမ်းအနားကိုကျင်းပခဲ့ကြကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။



**စုပေါင်းကျင်းပ**

မင်္ဂလာအခမ်းအနား ကျင်းပကြသည့် စုံတွဲ ၅၀ သည် တရုတ်နိုင်ငံ ဟီဘိုင်ပြည်နယ် ကျူဟာန်ဒိုမြို့မှ ဖြစ်ကြပြီး တောင်ကိုရီးယားနိုင်ငံတွင်၎င်းတို့၏ မင်္ဂလာအခမ်းအနားကို စုပေါင်းလာရောက်ကျင်းပခြင်းဖြစ်သည်။

**အထောက်အကူ**

ထိုကဲ့သို့ မင်္ဂလာအခမ်းအနား ပြုလုပ်ခြင်းသည် တရုတ်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံအကြား ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် များစွာ အထောက်အကူပြုကြောင်း သိရသည်။

**(အင်တာနက်)**

# နျူကလီးယားကင်းမဲ့ဇုန်ထူထောင်ရေး ဗဟိုအာရှ ငါးနိုင်ငံသဘောတူ လက်မှတ်ရေးထိုး

**ဂျီနီဗာ စက်တင်ဘာ ၂၁**

ဗဟိုအာရှဒေသတွင် နျူကလီးယားလက်နက်ကင်းမဲ့ဇုန် တစ်ခုဖြစ်ပေါ်လာစေရေးအတွက် သဘောတူစာချုပ်တစ်ရပ်ကို ကာဇက်စတန်၊ ကာဂျစ်စတန်၊ ဥဇဘက်ကစ္စတန်၊ တာဂျက်ကစ္စတန်နှင့် တပ်ခ်မင်နစ္စတန်တို့က လက်မှတ်ရေးထိုးလိုက်ကြပြီဖြစ်ကြောင်း ကာဇက်စတန် သံတမန်တစ်ဦးက ဂျီနီဗာမြို့၌ စက်တင်ဘာ ၁၉ ရက်က ပြောကြားလိုက်သည်။

**ပြောကြား**

ယခုသဘောတူလက်မှတ်ရေးထိုးလိုက်သော နိုင်ငံငါးနိုင်ငံတို့ အနေဖြင့် ပေါက်ကွဲစေတတ်သော နျူကလီးယား လက်နက်များအပြင် အခြား နျူကလီးယားဆိုင်ရာလက်နက်များကို သိမ်းဆည်းမှုသာမက နျူကလီးယား အဆောက်အအုံများတည်ဆောက်ခြင်းနှင့် အခြားနိုင်ငံများသို့ နျူကလီးယားဆိုင်ရာ ဖြန့်ဝေပေးမှုများကိုလည်း တားမြစ်သွားမည်ဖြစ်သည်ဟု ကာဇက်စတန် သံတမန် ကာယက်အဘူစီတော့ဗ်က ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ထိုသို့ နျူကလီးယားကင်းမဲ့ဇုန်ဆိုင်ရာ ငါးနိုင်ငံသဘောတူညီချက်ကို ကာဇက်စတန်နိုင်ငံ ဆမ်မီပါလာတင့်ခ်မြို့၌ စက်တင်ဘာ ၈ ရက်က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

**သဘောတူ**

ထို့အပြင် အကြမ်းဖက်အဖွဲ့အစည်းများလက်သို့ နျူကလီးယားလက်နက်များ၊ အထောက်အကူပြု ပစ္စည်းများနှင့် နည်းပညာများ မရောက်ရှိရေးအတွက်လည်း အဆိုပါငါးနိုင်ငံတို့က သဘောတူညီခဲ့ကြသည်။

**ထောက်ခံ**

ထိုသို့ ဗဟိုအာရှဒေသတွင် နျူကလီးယား ကင်းမဲ့ဇုန်ထောင်ရေးအတွက် ငါးနိုင်ငံသဘောတူညီမှုကို ရုရှားနှင့် တရုတ်နိုင်ငံတို့ကလည်း ထောက်ခံခဲ့ကြသည်ဟု ကာယက်အဘူစီတော့ဗ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ၂၀၁၀ ပြည့်နှစ်တွင် တရုတ်ဘာသာစကားသင်ကြားသူ နိုင်ငံခြားသားအရေအတွက် သန်း ၁၀၀ ခန့်ရှိလာမည်

ပေကျင်း စက်တင်ဘာ ၂၁

**တရုတ်ဘာသာစကားကို သင်ယူကြမည့် နိုင်ငံခြားသားအရေအတွက်သည် လာမည့် ၂၀၁၀ ပြည့်နှစ်တွင် သန်း ၁၀၀ ခန့်ရှိလာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံရှိ နိုင်ငံခြားဘာသာစကား သင်ကြားရေးဆိုင်ရာ ရုံးမှထုတ်ပြန်သည့် သတင်း၌ ဖော်ပြသည်။**

တရုတ်ဘာသာ စကားသည် ကမ္ဘာပေါ်တွင် စိတ်ဝင်စားမှု အများဆုံး ဘာသာစကား တစ်ရပ်အဖြစ် တဖြည်းဖြည်း ရောက်ရှိလာကြောင်း အဆိုပါ ရုံးမှ အရာရှိတစ်ဦးက ပြောကြားသည်။

**ကြိုးစား**

နိုင်ငံခြား ဘာသာစကား တစ်ခုအဖြစ် တရုတ်ဘာသာစကားကို သင်ကြားပေးနိုင်ရန်နှင့် ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်ပေးရန် တရုတ်အစိုးရက ကြိုးစားဆောင်ရွက်နေကြောင်း အဆိုပါရုံးမှ ညွှန်ကြားရေးမှူး ဇူလင်းက ပြောကြားသည်။

**သင်ကြား**

တရုတ်နိုင်ငံတွင် လာမည့် လေးနှစ်ကျော်ကာလအတွင်း တရုတ်ဘာသာစကားနှင့်ပတ်သက်၍ သင်ကြားပေးနိုင်ရန် အဆင့်မြင့်ဂုဏ်ထူးတန်းဝင်ကျောင်းသား ၃၀၀ ကျော်ကို လေ့ကျင့်ပေးရေး စီစဉ်နေပြီး တရုတ်ဘာသာစကားကို နိုင်ငံခြားဘာသာ စကားများကဲ့သို့ အဆင့်မြင့် ဘွဲ့တစ်ရပ် ပေးအပ်ရေးအတွက် ယခုနှစ်တွင် ကျောင်းသား ၄၇ ဦးကို စတင်ခေါ်ယူသင်ကြားပေးနေကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ယခုနှစ်အတွင်းမိုးသည်းထန်ပြီး ရေလွှမ်းခဲ့မှု ပါကစ္စတန်တောင်ပိုင်း၌ လူ ၁၁၂ ဦး သေဆုံးခဲ့ရ

**ကရာချိ စက်တင်ဘာ ၂၁**

ပါကစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ယခုနှစ် မိုးရာသီအတွင်း မိုးသည်းထန်ပြီး ရေလွှမ်းမှုနှင့် သောက်သုံးရေများမှ ဖြစ်ပွားသော ရောဂါများကြောင့် ဟိုက်ဒရာဘတ်မြို့တွင် လူ ၁၁၀ ကျော်သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ အရာရှိတစ်ဦးက စက်တင်ဘာ ၁၉ ရက်၌ ပြောကြားသည်။

ထိုသို့သေဆုံးမှုတွင် ရေလွှမ်းမှုများကြောင့်လည်းပါဝင်ရာ ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင့်ဒ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကောက်ပဲသီးနှံများလည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။

**ပြောကြား**

သေဆုံးသူများမှာ ၁၁၂ ဦး ရှိခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့ရာ၌ ရောဂါဖြစ်ပွားမှု၊ နေအိမ်များ ပြိုလဲမှုနှင့် ရေလွှမ်းမှုတို့ကြောင့်ဖြစ်ကြောင်း ဒေသဆိုင်ရာ အရာရှိ အင်ဝါဟိုင်ဒါက ပြောကြားသည်။

**ဆောင်ရွက်**

ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဟိုက်ဒရာဘတ်မြို့သည် အဆိုးရွားဆုံးခံစားရပြီး ရောဂါဖြစ်ပွားမှုများမှ ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရသည်။

ဟိုက်ဒရာဘတ်မြို့တွင် စက်တင်ဘာ ၈ရက်နှင့် ၉ ရက်များ၌ ရွာသွန်းခဲ့သော မိုးရေချိန်မှာ မီလီမီတာ ၂၃၀ ခန့်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**



တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် မီးသတ်တပ်ဖွဲ့ဝင်များ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်နေကြသည်ကို စက်တင်ဘာ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# နိုင်ငံတကာရေးရာများ စေ့စပ်ဆွေးနွေးရေးတွင် ယုံကြည်မှုတည်ဆောက်ရန် လိုအပ်ဟု ဘရာဇီးသမ္မတပြောကြား

ဂျီနီဗာ စက်တင်ဘာ ၂၁

**အရေးတကြီး နိုင်ငံတကာရေးရာများကို လိုအပ်သလို ကိုင်တွယ်ဖြေရှင်းရေးအတွက် စေ့စပ်ဆွေးနွေး အဖြေရှာမှုများတွင် ယုံကြည်မှုတည်ဆောက်ရန်လိုအပ်ကြောင်း ဘရာဇီးသမ္မတလူလာဒါဆီးလ်ဗားက စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားလိုက်သည်။**

(၆၁) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ဘရာဇီးသမ္မတ မိန့်ခွန်း ပြောကြားရာတွင် လက်ရှိအချိန်၌ ဤယုံကြည်မှုမှာ ပျက်ပြားနေသည့်အတွက်လည်း များစွာစိုးရိမ်စရာကောင်းကြောင်း ထည့်သွင်း ပြောကြားလိုက်သည်။

**အခြေခံတည်ဆောက်**

နိုင်ငံတကာ အသိုက်အဝန်းက တည်ဆောက်ရန် ကြိုးပမ်းနေသည့် ကမ္ဘာ့ပုံစံကို တရားမျှတမှုနှင့်နိုင်ငံတကာဥပဒေလေးစားမှုအပေါ် အခြေခံတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ပိုမိုတရားမျှတပြီး ဒီမိုကရေစီနည်းလမ်းကျသည့် ကမ္ဘာ့ပုံစံသစ်သည် ဆင်းရဲသော သို့မဟုတ် ထွန်းသစ်စနိုင်ငံများအတွက်သာမက ချမ်းသာသောနိုင်ငံများ၏ အကျိုးစီးပွားအတွက်ပါ ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

**လိုအပ်**

ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ ၎င်းကပြောကြားရာတွင် ကုလသမဂ္ဂ၏လုံခြုံရေးကောင်စီ ခိုင်မာရန် လိုအပ်ကြောင်းထည့်သွင်းပြောကြားသွားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## မျက်စိအပြူးဆုံးလူသား



**မျက်စိနှစ်လုံးကို အပြူးဆုံး ပြုလုပ်ပြသနေသူ တစ်ဦးကို တွေ့ရစဉ်။** (ဝဲပုံ)

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့မြောက်ဘက်ကီလိုမီတာ ၃၄၀ အကွာရှိ ဘီလိုဟိုရီဇွန်တီမြို့တွင် ကလူဒီရိုပေါလိုပင်တိုအမည်ရှိ အမျိုးသားတစ်ဦးက ၎င်း၏မျက်လုံးအိမ်တစ်ခုလုံးကို အစွမ်းကုန်ပြူးထွက်အောင် ပြုလုပ်ပြနိုင်ရာ မျက်စိသည်ရှေ့သို့ ခုနစ်မီလီမီတာအထိ ပြူးထွက်ခဲ့ကြောင်းသိရသည်။ ၎င်းသည် ကမ္ဘာ့မျက်စိအပြူးဆုံး လူသားတစ်ဦးအဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်မည်ဖြစ်သည်။

**(အင်တာနက်)**

## အရှည်ဆုံးမင်္ဂလာဝတ်စုံ



**ကမ္ဘာပေါ်တွင် အရှည်ဆုံး မင်္ဂလာဝတ်စုံကို ဝတ်ဆင်ထားမှုအား တွေ့ရစဉ်။** (ယာပုံ)

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ် ဟူဘေးမြို့၌ ပြုလုပ်သော လက်ထပ်ပွဲ တစ်ခု၌ သတို့သမီးဝတ်ဆင်ထားသည့် မင်္ဂလာဝတ်စုံ အရှည်မှာ ၄၅ မီတာရှိကြောင်း သိရသည်။ ၎င်းမင်္ဂလာဝတ်စုံသည် ကမ္ဘာပေါ်တွင် အရှည်ဆုံး မင်္ဂလာဝတ်စုံပင် ဖြစ်သည်ဟု ဆို၏။ **(အင်တာနက်)**

# ထိုင်း အေအာရ်စီအဖွဲ့ တာဝန်များ ခန့်အပ်

**ဗန်ကောက် စက်တင်ဘာ ၂၁**

ထိုင်းနိုင်ငံ၌ အင်္ဂါနေ့ ညက အာဏာသိမ်းလိုက်သည့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုကောင်စီ(အေအာရ်စီ)က ကောင်စီဝင်များအဖြစ် အောက်ပါပုဂ္ဂိုလ်များကို စက်တင်ဘာ ၂၀ ရက်တွင် ခန့်အပ်တာဝန်ပေးလိုက်သည်။

ထိုင်းဘုရင့် လက်နက်ကိုင်တပ်များ၏ဦးစီးချုပ် ရွှန်ရောဂ်မဟာဆာရာနော့ဒ်အား အေအာရ်စီ၏အကြံပေးအရာရှိချုပ်အဖြစ်လည်းကောင်း၊ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီးဆွန်သီဗွန်ရာရတ်လင်အား အေအာရ်စီ၏ အကြီးအကဲအဖြစ်လည်းကောင်း၊ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်ကြီး ဆက်သီရာကောယာန္တန်အား အေအာရ်စီ၏ ပထမ-ဒုတိယ အကြီးအကဲအဖြစ်လည်းကောင်း၊ ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် လေတပ်ဗိုလ်ချုပ်ကြီး ချာလ်စ်လင်ဖူပါဆွတ်အား အေအာရ်စီ၏ ဒုတိယ-ဒုတိယအကြီးအကဲ အဖြစ်လည်းကောင်း၊ ထိုင်းရဲချုပ် ရဲဒုတိယဗိုလ်ချုပ်ကြီးကောဝတ်ဝါတနာအား အေအာရ်စီ၏ တတိယ-ဒုတိယအကြီးအကဲအဖြစ် လည်းကောင်း၊ အမျိုးသားလုံခြုံရေး ကောင်စီ အတွင်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီး ဝိနာပက်သီရာကူးလ်အား အေအာရ်စီ၏ အတွင်းရေးမှူးချုပ်အဖြစ်လည်းကောင်း အသီးသီး ခန့်အပ်လိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဗီယက်နမ်အလယ်ပိုင်းတွင် လမ်းများဖောက်လုပ်မည်

**ဟန္နွိုင်း စက်တင်ဘာ ၂၁**

ဗီယက်နမ်နိုင်ငံ၏ အလယ်ပိုင်းဒေသများသို့ မော်တော်ကားလမ်းများ ဆက်သွယ်နိုင်ရန်အတွက် လမ်းများဖောက်လုပ်ရေး အမေရိကန်ဒေါ်လာ ၂၂၂သန်းခန့် အကုန်အကျခံကာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗီယက်နမ် မီဒီယာများက စက်တင်ဘာ ၁၉ ရက်၌ ဖော်ပြသည်။

**ခန့်မှန်း**

အဆိုပါလမ်းများအရှည်မှာ စုစုပေါင်း ကီလိုမီတာ ၇၀၀ ခန့်ရှိပြီး ဗီယက်နမ်နိုင်ငံရှိ ပြည်နယ်ခုနစ်ခုကို ဖြတ်သန်းဖောက်လုပ်မည်ဖြစ်ပြီး လာမည့် ၂၀၁၀ ပြည့်နှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**တိုးတက်မည်**

ထိုသို့ လမ်းများဖောက်လုပ်မှုကြောင့် ဗီယက်နမ်နိုင်ငံအလယ်ပိုင်းဒေသများသည် ယခင်ထက် ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း ဗီယက်နမ် မီဒီယာများက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အားကစားဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းစည်းဝေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၁

**အားကစားဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၇နာရီက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြားသည်။**

**တင်ပြ**

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြည်နယ်နှင့်တိုင်း ဦးစီးမှူးများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့်စပ်လျဉ်း၍တင်ပြပြီး ပြည်နယ်နှင့်တိုင်း အားကစားနှင့်ကာယပညာဦးစီးဌာနများက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို တင်ပြကြသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)တို့မှ အားကစားနှင့်ပညာရေး ပေါင်းစပ်လေ့ကျင့်ရေးသင်တန်း၊ အားကစားလေ့ကျင့်ရေး သင်တန်းတို့နှင့်စပ်လျဉ်း၍ တင်ပြကြပြီး ပြည်နယ်နှင့်တိုင်းများမှ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနခွဲများမှ ပြန်လည်ရှင်းလင်းတင်ပြခြင်းနှင့် ဌာနခွဲအလိုက် ညွှန်ကြားရေးမှူးများက ဆွေးနွေးတင်ပြကြသည်။

**ဖြည့်စွက်ရှင်းလင်း**

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဩဂုတ်၂၇ရက်က တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပ စေတီတော်ကြီး၏ ပန်းတင်ခုံ သံပန်းကာရန် တောင်ဥက္ကလာပ မြို့နယ် (၅)ရပ်ကွက် အမက(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းကြည်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက အလှူငွေကျပ်၁၂၅၀၀၀ကိုဂေါပက အဖွဲ့ဝင် ဦးရှုအောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (၂၀၀)

# အိန္ဒိယနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောချစ်ကြည်ရေးအဖွဲ့နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၁**

အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr. Shekhar Dutt ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကြည်ဝင်းနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Bhaskar Kumar Mitra နှင့် စစ်သံမှူး Colonel, Jasvinder Singh Chopra တို့လိုက်ပါလျက် ယနေ့နံနက် ၇နာရီ ၄၅မိနစ်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ရောက်ရှိကြရာ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**တွေ့ဆုံနှုတ်ဆက်**

အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr. Shekhar Dutt ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် နံနက်၁၀နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကြည်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ (ကြည်း၊ ရေ၊ လေ) တပ်မတော်အရာရှိကြီးများအား နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ တွေ့ဆုံနှုတ်ဆက်သည်။

**ထွက်ခွာ**

အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E Mr. Shekhar Dutt ဦးဆောင်သော ချစ်ကြည်ရေးအဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် စစ်သံမှူးတို့ လိုက်ပါလျက် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် မန္တလေးမြို့သို့ ဆက်လက်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

# ရွှေစည်းခုံစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၁**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံစေတီတော်မြတ်ကြီး တန်ဆောင်တိုင်ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အစဉ်အလာမပျက် ၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက် (အောက်တိုဘာ ၂၈ရက်မှ နိုဝင်ဘာ ၁၉ ရက်အထိ) စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ သံဃာတော်အပါး ၃၀နှင့်တန်ဆောင်မုန်းလဆန်း၁၁ရက်မှ လပြည့်နေ့အထိ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ တန်ဆောင်မုန်းလပြည့်နေ့တွင် သံဃာအပါး၂၀၀ကျော်အား ဆွမ်းပဒေသာပင် လောင်းလှူပွဲကျင်းပမည်ဖြစ်ပြီး ရုံပွဲ၊ ရုပ်ရှင်၊ ဗလာဇာတ်ပွဲစသည့် ပျော်ပွဲရွှင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ဈေးဆိုင်ခန်း ရောင်းချလိုသူများသည် ရောင်းချမည့်ကုန် ပစ္စည်းအမျိုးအမည်များကို ဖော်ပြလျက် ဆိုင်ခန်းကြီးတစ်ခန်း ကျပ် ၁၀၀၀၀၊ ဝါးကြမ်းခင်းပါ တစ်ခန်းကျပ် ၉၀၀၀၊ ကြမ်းခင်းမပါ တစ်ခန်းကျပ် ၇၀၀၀နှုန်းဖြင့် ဆိုင်ခန်းဟောင်းများ အောက်တိုဘာ ၁၀ရက်၊ ဆိုင်ခန်းသစ်များ အောက်တိုဘာ ၁၅ရက် နောက်ဆုံးထားပြီး ဂေါပကအဖွဲ့ ဖုန်း-၀၆၁-၆၀၂၈၅သို့ လျှောက်ထားငွေ ပေးသွင်းရမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**



**စက်တင်ဘာ ၁၇ရက်က မြန်မာနိုင်ငံ အမျိုးသားအဆင့် အီလက်ထရွန်နစ်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟိုချီမင်းမြို့တော်၌ကျင်းပခဲ့သည့် ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ပစ္စည်းများ ပြပွဲနှင့် ဆွေးနွေးပွဲတက်ရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။**
(သတင်းဖော်ပြပြီး) (သတင်းစဉ်)

# နေပြည်တော်ရှိ တိုင်းရင်းဆေး ပရဆေးပျိုးဥယျာဉ် ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၁

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် စက်တင်ဘာ၂၀ရက် နံနက်၈နာရီခွဲက နေပြည်တော်ရှိ တိုင်းရင်းဆေး ပရဆေးပျိုးဥယျာဉ်သို့သွားရောက်၍ ဥယျာဉ်တိုးချဲ့ဆောင်ရွက်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးက တိုင်းရင်းဆေးပရဆေးပျိုးဥယျာဉ်အတွင်း တိုးချဲ့သတ်မှတ်ထားသော ဥယျာဉ်မြေနေရာ၊ ပရဆေးပျိုးဥယျာဉ်နှင့် သုတေသနဓာတ်ခွဲခန်းတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ပရဆေးဥယျာဉ်များနှင့်ပတ်သက်သော အချက်အလက် စာရင်းဇယားများကို စနစ်တကျ ပြုစုထားရန်၊ ဥယျာဉ်အတွင်းရှိ အပင်တိုင်း၌ အမျိုးအမည်ခွဲခြားထားသော မှတ်တမ်းကတ်ပြားငယ်များ ချိတ်ဆွဲထားရန်၊ တိုင်းရင်းဆေးဝါးများကို မှတ်ပုံတင်ရာတွင် လူနာများ ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ရေတိုရေရှည် အဆိပ်သင့်မှု ကင်းဝေးအောင် သေချာစွာစိစစ်သွားရန်၊ တိုင်းရင်းဆေးဝါးများ၏ အစွမ်းထက်မှု သုတေသနလုပ်ငန်းများကို ပိုမိုတိုးချဲ့ဖော်ထုတ်ရန် ဆေးသုတေသနဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ လုပ်ငန်းများကို စီမံချက်ရေးဆွဲ၍ ပိုမိုတိုးတက်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကာကွယ်ရေးဝန်ကြီးဌာန စစ်သည်တော်ကျင့်ဝတ်ပြိုင်

**နေပြည်တော် စက်တင်ဘာ ၂၁**

ကာကွယ်ရေးဝန်ကြီးဌာနရှိ ရုံး၊ ဌာနအသီးသီး၏ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီခွဲက နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီး ဌာနကျန်စစ်သားရိပ်သာ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။ အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနရှိ ရုံး၊ ဌာနအသီးသီးမှ အရာရှိ ၄၆ဦး၊ အရာခံ ၄၉ဦး၊ အကြပ် ၆၃ဦးနှင့် စစ်သည်၄၀ စုစုပေါင်း ၁၉၈ဦး ဝင်ရောက်ဖြေဆို ယှဉ်ပြိုင်ကြသည်။ **(သတင်းစဉ်)**

# ကြည့်မြင်တိုင်စာပေနှင့်စာနယ်ဇင်းအဖွဲ့ မဂ္ဂဇင်းထုတ်ဝေရေးအစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၁**

ကြည့်မြင်တိုင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ပန်းမြတ်ရွှေစင် မဂ္ဂဇင်းထုတ်ဝေရေးအစည်းအဝေးကို စက်တင်ဘာ၁၇ရက် မွန်းတည့်၁၂နာရီက ကျောင်းကြီးလမ်းရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ကျင်းပသည်။

**အမှာစကားပြော**

အစည်းအဝေးတွင် နာယက ဦးအောင်မြင့်သိန်း(ပခုက္ကူ)ကအမှာစကားပြောကြား၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ကြည် (ချစ်နွေမိုး)နှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများက မဂ္ဂဇင်းထုတ်ဝေရေးကိစ္စများကို ရှင်းလင်းတင်ပြကာ ပန်းမြတ်ရွှေစင်မဂ္ဂဇင်းကို ၁၃၆၈ခုနှစ် စာဆိုတော်နေ့အမီ ထုတ်ဝေရန်ဆုံးဖြတ်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

# မုန်တိုင်းငယ် ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်

ရန်ကုန် စက်တင်ဘာ ၂၁

**ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံအနောက် ဘင်္ဂလီကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။**
(သတင်းစဉ်)




**အမှတ်၂၄၊ ၁၀ လမ်း လမ်းမတော်မြို့နယ်နေ ကိုမြတ်သူ-မကေခိုင်အေးတို့က မင်္ဂလာဦးအလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး ပဒေသာပင် ငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။** (က-ပ)

# မြို့တွင်းလမ်းများကောင်းမွန်ရေးဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၁**

စဉ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများကောင်းမွန်ရေးဆောင်ရွက်ရန်အတွက် စဉ့်ကူးမြို့ မြသီတာလမ်းနှင့်မြန္မာလမ်းတစ်လျှောက် ကတ္တရာလမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းကို စက်တင်ဘာ၃ရက်က အမှုဆောင်အရာရှိ ဦးတင်အောင်သန်း၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမောင်မောင်နိုင်မင်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**





**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် ပထမအကြိမ်အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

■ **ကျောဖုံးမှ**

မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့သဘင်စသော အနုပညာရပ်များ အရှည်တည်တံ့စေပြီး ပြည်နယ်၊ တိုင်း နယ်မြေဒေသအားလုံး၌ အခြေခိုင်မာစွာဖြင့် ရှင်သန်ပြန့်ပွားရေး၊ အနုပညာရှင်မျိုးဆက်သစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်လာစေရေး၊ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ ရှင်သန်ရေးစသည့် မွန်မြတ်သောရည်ရွယ်ချက်များဖြင့် ၁၉၉၃ခုနှစ်က စတင်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့ရာတွင် ယခုအခါ (၁၄)ကြိမ်မြောက် ပြိုင်ပွဲကြီးအဖြစ် မကြာမီကျင်းပသွားတော့မည်ဖြစ်ကြောင်း။

## စနစ်တကျစီမံဆောင်ရွက်

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် သက်ဆိုင်ရာကော်မတီများကိုလည်း အသီးသီး ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ် ပြိုင်ပွဲကြီးကို နေပြည်တော်၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကျင်းပရေးအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကိုလည်း သက်ဆိုင်ရာကော်မတီများအလိုက် စနစ်တကျ စီမံဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

## ကျက်သရေရှိရှိ

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များသည် သမိုင်းစဉ်ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့မှုနှင့်အတူ မြန်မာ့ဘဝ၊ မြန်မာ့ဓလေ့စရိုက်ကို ပြောင်မြောက်ပီပြင်စွာ ထင်ဟပ်ဖော်ကျူးနိုင်သော အဆင့်အတန်းမြင့်မားသည့် အခြေအနေကို ရှေးဦးကာလကတည်းက ရောက်ရှိနေခဲ့ပြီး ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာ၊ ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများအဖြစ် နိုင်ငံတကာအလယ်တွင် ထည်ထည်ဝါဝါ ကျက်သရေရှိရှိ ရှင်သန်ရပ်တည်နေနိုင်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်အမျိုးသားလက္ခဏာများဖြင့် ကမ္ဘာ့အလယ်တွင် အဆင့်အတန်းမြင့်မြင့် ရပ်တည်ထွန်းပြောင်နိုင်ခဲ့ခြင်းသည် မိမိတို့ ဘိုးဘွားဘီဘင်များ၏ မွန်မြတ်သည့် စိတ်စေတနာ၊ ထက်မြက်သည့် ဖွဲ၊ လုံ့လ၊ ဝီရိယအစွမ်းသတ္တိများဖြင့် ကောင်းမွန်သော ထိန်းသိမ်းစွမ်းဆောင် ကြိုးပမ်းချက်များကြောင့်ပင်ဖြစ်ကြောင်း၊ ဤသို့အစဉ်အလာရှိသည့် အနုပညာဆိုင်ရာ အမျိုးသားရေးလက္ခဏာကောင်းများ မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်သွားရေးနှင့် ဆက်လက်ရှင်သန်တိုးတက်ပြန့်ပွားအောင် မျိုးဆက်သစ်များအား လက်ဆင့်ကမ်းအမွေကောင်းများ ပေးနိုင်ရေးအတွက် ဆောင်ရွက်ရမည့် တာဝန်သည် သမိုင်းရေးရာအရရော မျိုးစောင့်တရားအရပါ ယနေ့မိမိတို့ နိုင်ငံသားအားလုံးအနေဖြင့် မလွဲမသွေ ဆက်လက်သယ်ပိုးထမ်းရွက်ကြရမည့် ပခုံးပြောင်းတာဝန်ပင်ဖြစ်သည်ကို မည်သူမျှ မငြင်းကွယ်နိုင်ကြောင်း။

## ဦးတည်ချက်များ

ထို့အပြင် အဆိုပါ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များအပါအဝင် အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန် ယနေ့နိုင်ငံတော်က ချမှတ်ဖော်ဆောင်နေသော ဦးတည်ချက်(၁၂)ရပ်အနက် လူမှုရေးဦးတည်ချက်တွင် **"အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"၊ "မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး"**ဆိုသည့် ဦးတည်ချက်များကို ထည့်သွင်း ချမှတ်ပေးထားပြီးဖြစ်ကြောင်း။

## ပြုစုပျိုးထောင်

ထို့ကြောင့် မြန်မာလူမျိုးတို့၏ မျိုးရိုးဂုဏ်ရှိန်ကို မြင့်မားထည်ဝါစေပြီး သမိုင်းစဉ်အဆင့်ဆင့်တွင် မြှင့်တင်ပေးလာခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာ အစဉ်အလာစွမ်းရည်ကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပြီး မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေပေးနိုင်ရေးနှင့်တန်ဖိုးကြီးမားပြီး စွမ်းအားထက်မြက်သည့် အနုပညာစွမ်းပကားကို တိုင်းပြည်နှင့်လူမျိုးမြှင့်တင်ရေးတွင် အစွမ်းထက်ထိရောက်စွာ အသုံးပြုသွားနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကြီးများဖြင့် ပြန်လည်ဖော်ထုတ်ပြုစုပျိုးထောင်ပေးနေခြင်းပင် ဖြစ်ကြောင်း။

## လွှမ်းမိုးကူးစက်

ယနေ့မျက်မှောက်ကာလကို ကြည့်မည်ဆိုလျှင် သတင်းနှင့် နည်းပညာရပ်များသည် အရှိန်အဟုန်ဖြင့် လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်နေကြောင်း၊ ယခုကဲ့သို့ နည်းပညာများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ Globalization အခြေအနေအရ ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ ကာကွယ်ရေးနှင့် လူမှုရေးနယ်ပယ်အသီးသီး၌ လွှမ်းမိုးရိုက်ခတ်မှုများဖြစ်ပေါ်လျက်ရှိခြင်းကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ဤသို့သောရိုက်ခတ်မှုများအရ ကောင်းသောအကျိုးဆက်များရှိသကဲ့သို့ မကောင်းသောအကျိုးဆက်များလည်း ရောထွေးပါဝင်နေခြင်းကို တွေ့ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် အနောက်နိုင်ငံများ၏ ယဉ်ကျေးမှုထုတ်ကုန်ပစ္စည်းများသည် ကမ္ဘာ့လူဦးရေ၏ ငါးပုံနှစ်ပုံဖြစ်သော အသက်(၂၀)အောက် လူငယ်ထုများအတွက် အဓိကဈေးကွက်အဖြစ် ပစ်မှတ်ထားဝင်ရောက် ခြယ်လှယ်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် နည်းပညာပြောင်းလဲတိုးတက်လာမှုအရ နိုင်ငံအသီးသီး၏ ရိုးရာယဉ်ကျေးမှု အစဉ်အလာများ၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာဘာသာရေးကိစ္စများအပေါ်တွင်လည်း ထိခိုက်ထိုးနှက်မှုများကြောင့် သက်ဆိုင်ရာနိုင်ငံအသီးသီး၌ စိုးရိမ်ပူပန်မှုများ ဖြစ်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တေးဂီတဆိုင်ရာဘက်တွင် ကြည့်မည်ဆိုလျှင်လည်း အနောက်တိုင်းယဉ်ကျေးမှုလွှမ်းမိုးနေသော စက်မှုအခြေခံ တေးဂီတဆိုင်ရာထုတ်ကုန်များကြောင့် နိုင်ငံအတော်များများတွင် နှစ်ပေါင်းရှည်ကြာစွာ မိမိတို့ထိန်းသိမ်းလာကြသည့် တိုင်းရင်းသားရိုးရာတေးဂီတ အနုပညာများအပေါ်ဝင်ရောက်ရောနှော လွှမ်းမိုးကူးစက်နေသည့်အတွက် စိုးရိမ်မကင်းဖြစ်နေကြရသည်ကိုလည်း တွေ့ကြရမည် ဖြစ်ကြောင်း။

## အမျိုးသားရေးတာဝန်

ထို့ကြောင့် မြန်မာတစ်မျိုးသားလုံးနှင့်ဆိုင်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး သုခုမအနုပညာရပ်များအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့မှုရှိအောင် ထိန်းသိမ်းစောင့်ရှောက်သွားရန်နှင့် တိုင်းတစ်ပါးယဉ်ကျေးမှုများ ဝင်ရောက်ခြယ်လှယ်လွှမ်းမိုးခြင်းမခံရအောင် တားဆီးကာကွယ်ရေးတာဝန်သည် နိုင်ငံသားအားလုံး၏ သမိုင်းပေး တာဝန်ပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်ခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်မည်ဖြစ်ကြောင်း၊ ယခုကြွရောက်လာကြသည့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအတွက် စေတနာ ထက်သန်စွာဖြင့် အလှူငွေများလာရောက်ထည့်ဝင်ပေးအပ်လှူဒါန်းကြခြင်းသည် ပြိုင်ပွဲတစ်ရပ်ကျင်းပနိုင်အောင် သာမန်ပံ့ပိုးကူညီလှူဒါန်းခြင်းမျိုးမဟုတ်ဘဲ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အမျိုးသားရေးတာဝန်၊ နိုင်ငံ့တာဝန်ကို မျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံသားကောင်းတစ်ယောက်အနေဖြင့် ထက်သန် မြဲမြံသည့်စိတ်ဖြင့် တစ်တပ်တစ်အားပါဝင် ထမ်းရွက်လိုက်ခြင်းပင်ဖြစ်ကြောင်း။

## အဓိကအနှစ်သာရ

နိဂုံးချုပ်အားဖြင့် ယခုကဲ့သို့ နိုင်ငံတော်က ၁၉၉၃ခုနှစ်ကစပြီး နှစ်စဉ်ကျင်းပပေးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏ အဓိကအနှစ်သာရသည် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ပိုမိုရှင်သန်ခိုင်မာစေရေးအတွက်ပင်ဖြစ်ကြောင်း၊ အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာများကို တလေးတစားချစ်ခင် မြတ်နိုးထိန်းသိမ်းစောင့်ရှောက်လာခြင်းဖြင့် တူညီသည့်စိတ်ဓာတ်၊ ညီညွတ်သည့်ရပ်တည်မှုများ ဖြစ်ထွန်းပေါ်ပေါက်လာကာ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ပိုမိုရှင်သန်ခိုင်မာလာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံတော်က ရည်ရွယ်ချက်မြင့်မြင့်မားမားထားရှိဆောင်ရွက်နေသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအတွက် အလှူငွေများလာရောက် ထည့်ဝင်လှူဒါန်းသည့် စေတနာရှင်၊ အလှူရှင်များနှင့် ပြိုင်ပွဲကျင်းပရေးအတွက် တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်းဖြင့် ပြောကြားသွားသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာ

ထို့နောက် အလှူရှင်များဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ်သိန်းငါးရာ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့က ငွေကျပ်ဆယ်သိန်းစီ၊ ပို့ဆောင်ရေးဝန်ကြီးဌာနက ငွေကျပ်ငါးသိန်း၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့်သမဝါယမဝန်ကြီးဌာနတို့က ငွေကျပ်နှစ်သိန်းစီ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စာရင်းစစ်ချုပ်ရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ငွေကျပ်တစ်သိန်းစီ၊ ရှေ့နေချုပ်ရုံးက ငွေကျပ်သုံးသောင်း၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ဆယ်သိန်း၊ အာရှကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်းနှစ်ဆယ်၊ ACE Co., Ltd. က ငွေကျပ်တစ်ဆယ့်ကိုးသိန်း၊ အေဝမ်းကုမ္ပဏီက ငွေကျပ်တစ်ဆယ့်ရှစ်သိန်း၊ မိုးကြယ်စင်ကုမ္ပဏီက ငွေကျပ်ဆယ့်ငါးသိန်း၊ TZTM ကုမ္ပဏီက ငွေကျပ်တစ်ဆယ့်သုံးသိန်း၊ ရွှေတောင်ကုမ္ပဏီက ငွေကျပ်တစ်ဆယ့်နှစ်သိန်း၊ ဧရာရွှေဝါကုမ္ပဏီက ငွေကျပ်တစ်ဆယ့်တစ်သိန်း၊ တက်လမ်းကုမ္ပဏီ၊ WEG ကုမ္ပဏီနှင့် အောင်ကောင်းကျော်ကုမ္ပဏီတို့က ငွေကျပ်ဆယ်သိန်းစီ၊ အက်စ်ပီဒင်ကုမ္ပဏီက ငွေကျပ်ကိုးသိန်း၊ တက်ခမ်းကုမ္ပဏီက ငွေကျပ်ခုနစ်သိန်း၊ ကူစ္စိတံကုမ္ပဏီက ငွေကျပ်ခြောက်သိန်း၊ ထူးကုမ္ပဏီ၊ WHK ကုမ္ပဏီ၊ Peace Myanmar Electric Co., Ltd.၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ Golden Flower ကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ သော်တာဝင်းကုမ္ပဏီနှင့်အေဒင်ကုမ္ပဏီတို့က ငွေကျပ်ငါးသိန်းစီ၊ Super Technology Co., Ltd.၊ သိဏ်းကုမ္ပဏီနှင့် Asia Hi-Tech Group တို့က ငွေကျပ်သုံးသိန်းစီ၊ တော်ဝင်အောင်ကုမ္ပဏီနှင့် နန်းအိမ်သူကုမ္ပဏီတို့က ငွေကျပ်နှစ်သိန်းစီ၊ NEPS ကုမ္ပဏီ၊ Myanmar Land Development ကုမ္ပဏီနှင့် MWEP Co., Ltd. တို့က ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်ကြသည်။

## ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီဝင် စည်ပင်သာယာရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က အလှူရှင်များအား ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် ပထမအကြိမ်အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် စေတနာရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ်ခုနစ်ရာခြောက်ဆယ့်သုံးသိန်း သုံးသောင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ရိုးရာအမွေ မပျက်စေတမ်း လက်ဆင့်ကမ်းကာ ထိန်းသိမ်းပါ

❋ ယဉ်ကျေးမှု မြန်မာ့အမွေပါ
အစဉ်ရှေးရှူ ကြပေတာ
သဘင်တေးအစု အလှဝေဖြာ။

❋ ကမ္ဘာ့အလယ် ဝင့်ပေမှာ
မြန်မာတကယ် တင့်စေရာ
ကာကွယ်သင့်ပေတာ။

❋ အနောက်ဟန်လွှမ်း မစွက်စေရာ
မဖောက်ပြန်စတမ်း အဖျက်သွေ့ခွာ
တစ်ယောက်မကျန်ထမ်း ရွက်နေမှာ။

❋ နိုင်ငံရဲ့စေတနာ
ပြိုင်စံမဲ့စေတာ
ကြိုင်လှိုုတဲ့ အသရေဖြာ။

❋ အမျိုးသားရေးအတွက် မပျက်စတမ်းသာ
ဘိုးဘွားပေးဆက် လက်ကမ်းလာ
နိုးကြားမနှေးမပျက် ရွက်ထမ်းမှာ။

❋ စုဒ္ဒသမ အကြိမ်ရောက်လာ
အဟုတ်မှတ်ကြ ထိန်တောက်ကာ
အလုပ်မပြတ်မှ မှိန်မပျောက်မှာ။

❋ တွေးပြီးဆဖို့ လိုပေတာ
ရှေးခရီးလှဖို့ ကြိုနေမှာ
ရေးတီးကလို့ ဆိုလေပါ။ ။

**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအား ကြိုဆိုဂုဏ်ပြုလျက်–**

မြပုလဲမြေ သိန်းနိုင်(မြိတ်)

# (၁၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

# ဝန်ထမ်းများ အရည်အသွေးမြင့်မားတိုးတက်ရေး ဆောင်ရွက် ဌာနအလိုက် သတ်မှတ်လျာထားချက် နည်းလမ်းရှာကြံထုတ်လုပ်

နေပြည်တော် စက်တင်ဘာ ၂၁

**သတ္တုတွင်းဝန်ကြီးဌာန၏ ၂၀၀၆ခုနှစ်လုပ်ငန်းဆောင်ရွက်မှုအခြေအနေ သုံးသပ်ခြင်းနှင့် လုပ်ငန်းလျာထားချက်များ ပြည့်မီကျော်လွန်ရေး ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၉ ရက်က နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသူ ကျောင်းသားကျောင်းသူငါးဦးတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်ပြီး သတ္တုတွင်းဝန်ကြီးဌာန ပညာရေးဆပ်ကော်မတီဝင် ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ပညာရည်ချွန်ဆုရရှိသူများနှင့် ပညာသင်ထောက်ပံ့ကြေးရရှိသူများအား ဂုဏ်ပြုဆုများနှင့်ချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၃၁ ဒသမ ၀၃ သိန်းကို ပေးအပ်ကြသည်။**

ထို့နောက် သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများက ၂၀၀၆ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လျာထားချက်များ ပြည့်မီကျော်လွန်စွာ ထုတ်လုပ်မည့် အစီအမံများကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

သတ္တုတွင်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် များနှင့် အထွေထွေမန်နေဂျာများက မိမိတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**ကြိုးပမ်းဆောင်ရွက်**

ထို့နောက် ဝန်ကြီးက ဝန်ထမ်းများသည်ဌာနအလိုက် သတ်မှတ်လျာထားချက်ကို ပြည့်မီကျော်လွန်အောင် နည်းလမ်းရှာကြံထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊ လျှပ်စစ်နှင့် စက်သုံးဆီများကို ထုတ်လုပ်မှုလုပ်ငန်းများအတွက်သာ အဓိကသုံးစွဲရန်၊ စက်သုံးဆီများအစားထိုး ဇီဝဒီဇယ်ဆီရရှိ သုံးစွဲနိုင်ရန်အတွက်ကြက်ဆူပင် စိုက်ပျိုးရေးကို စီမံချက်ချမှတ်ပြီး အောင်မြင်အောင် အလေးထားဆောင်ရွက်ကြရန်နှင့် မိမိတို့ဌာနများရှိ ဝန်ထမ်းများ၏ အရည်အသွေး မြင့်မားတိုးတက်ရေးကို ဆောင်ရွက်သွားကြရန် နိဂုံးချုပ် အသေးစိတ်မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

စက်တင်ဘာ ၂၁ ရက်က ဗဟန်းကြားတောရလမ်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ် ခမ်းမှာ ရုံ၌ကျင်းပသည့် အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဝါတွင်းအရဏ်ဆွမ်းလောင်းလှူပွဲတွင်သံဃာတော်အပါး ၈၀၀ ကျော်အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့် ဇနီး ဦးဆောင်၍ ဆွမ်းဟင်းလျာများ လောင်းလှူကြစဉ်။

(က-ပ)





**လှူဒါန်း**

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီး အတွက် နှစ်ဖက်မိဘများအား အမှူးထား၍ ဦးအောင်စိုးညွှန့်-ဒေါ်စွန်စွန်၊ သားမောင်စိုးမင်းသိန်း မိသားစုတို့က အလှူငွေကျပ် နှစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဦးကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

## ပျဉ်းမနား မိခင်/ ကလေးစောင့်ရှောက်ရေးအသင်းသို့ ထောက်ပံ့ငွေပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၁

**မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးသို့ သွားရောက်၍ အသင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**



**တက်ရောက်**

တွေ့ဆုံပွဲသို့ ခရိုင် ဆရာဝန်ကြီး ဒေါက်တာအေးကိုကို၊ ခုခံကျ/ကာလသားရောဂါ စီမံချက်အဖွဲ့ ခေါင်းဆောင် ဒေါက်တာဝင်းနိုင်၊ မြို့နယ်ကျောင်းကျန်းမာရေးတာဝန်ခံဆရာဝန် ဒေါက်တာ ကျော့သာစိန်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ တက်ရောက်ကြသည်။

**လိုအပ်သည်များမှာကြား**

ယင်းသို့ တွေ့ဆုံရာတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက မြို့နယ်အသင်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ မြို့နယ်ကျောင်းကျန်းမာရေးတာဝန်ခံ ဆရာဝန် ဒေါက်တာကျော့သာစိန်က သားဖွားခန်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွဲဖက်အတွင်းရေးမှူး (၁)ဒေါက်တာဒေါ်မေမာလာ **(အပေါ်ပုံ)** က မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းများကိုဦးတည်အုပ်စုအဖြစ် သတ်မှတ်ဆောင်ရွက်မည့် မိခင်မှသန္ဓေသားသို့ HIV ရောဂါပိုးကူးစက်ခြင်းမှကာကွယ်တားဆီးရေးလုပ်ငန်း (PMTCT) စီမံချက်အကြောင်းကို အသီးသီးရှင်းလင်းတင်ပြကြရာ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

**ထောက်ပံ့ပေးအပ်**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့သည် ပျဉ်းမနားနှင့်လယ်ဝေးမြို့နယ်တို့၌ ယင်လုံအိမ်သာသုံးစွဲမှု အခြေအနေများနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ထောက်ပံ့ပေးသော ယင်လုံအိမ်သာ သုံးစွဲမှု အခြေအနေများကို လိုက်လံကြည့်ရှုပြီး ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းများအတွက်ငွေကျပ် ၃၀၀၀၀စီ ထောက်ပံ့ပေးအပ်သည်။

**စတင်ဆောင်ရွက်**

မိခင်မှသန္ဓေသားသို့ HIV ရောဂါပိုးကူးစက်ခြင်းမှ ကာကွယ် တားဆီးရေးလုပ်ငန်း (PMTCT) စီမံချက်မှာ ကျန်းမာရေးဝန်ကြီးဌာန ခုခံကျ/ကာလသားရောဂါ ကာကွယ် တိုက်ဖျက်ရေးစီမံချက်နှင့် UNICEF တို့ ပူးပေါင်းဆောင်ရွက်သည့် စီမံချက်ဖြစ်ပြီး ၂၀၀၆ခုနှစ်အတွင်း ပျဉ်းမနားမြို့နယ်၊ ရန်ကုန်တိုင်းအတွင်း လှိုင်မြို့နယ်၊ မန္တလေးတိုင်းအတွင်း မဟာအောင်မြေမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မွန် ပြည်နယ်အတွင်း ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်း သားဖွားခန်းများ၌ စတင် ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ

**ရန်ကုန် စက်တင်ဘာ ၂၁**

ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရေတာရှည်လမ်းသစ် ရာမညဝေပုလ္လတိုက် သွေးဆေးကန်မွန်ပါဠိတက္ကသိုလ်၌ ၁၃၆၈ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ရက်မှ ၁၅ ရက်အထိ အကြိမ်(၂၀)မြောက် မွန်ဘာသာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲနှင့် (၆၅)ကြိမ်မြောက် ပဝါရဏာပွဲကို ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့က ကြီးမှူး၍ကျင်းပမည်ဖြစ်ရာ ဒါယကာ ဒါယိကာမအပေါင်းတို့သည် အလှူငွေများကို ဆရာတော်ဘဒ္ဒန္တဝါရနှင့် ဆွမ်းကွမ်း ဝေယျာဝစ္စအဖွဲ့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ဆေးတက္ကသိုလ်(၁)ရန်ကုန် ကျောင်းသားကျောင်းသူများလေ့လာ

ရန်ကုန် စက်တင်ဘာ ၂၁

**ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသားကျောင်းသူများသည် ဆေးတက္ကသိုလ်(၁) ရန်ကုန် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ဆရာ ဆရာမများ ဦးဆောင်လျက် စက်တင်ဘာ ၁၉ရက် နံနက်ပိုင်းက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံသို့ သွားရောက်လေ့လာကြသည်။**

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အမှုဆောင်ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာဦးထွန်းရီက နှုတ်ခွန်းဆက်စကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးက ပညာရေး၊စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှု လုပ်ငန်းများကို လည်းကောင်း အသေးစိတ်ရှင်းလင်းပြောကြားကြသည်။

**ရှင်းလင်းဖြေကြား**

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကို အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာ၊ အမှုဆောင်ညွှန်ကြားရေးမှူး ပါမောက္ခဒေါက်တာ ဦးထွန်းရီတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ကြည့်ရှုလေ့လာ**

ယင်းနောက် ဆေးတက္ကသိုလ်(၁) အပိုင်း(က) ကျောင်းသား ကျောင်းသူများသည် မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံ အဆောက်အအုံအတွင်းရှိ ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ် ဘက်စုံ ဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာ ဆေးတက္ကသိုလ်(၁) ရန်ကုန် နောက်ဆုံးနှစ် အပိုင်း(က)မှ ကျောင်းသားကျောင်းသူများအား အသင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားစဉ်။** (မိခင်နှင့်ကလေး)

# မြန်မာနိုင်ငံအလယ်ပိုင်း ထစ်ချုန်းမည့်အခြေအနေဖြစ်ပေါ်နိုင်

ရန်ကုန် စက်တင်ဘာ ၂၁

**လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၌ ဒေသအလိုက်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။**

**ယနေ့နံနက်မြန်မာစံတော်ချိန် ၉နာရီခွဲတိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံအနောက် ဘင်္ဂလီကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။**

**စက်တင်ဘာ ၂၂ ရက် ညနေအထိ ခန့်မှန်းချက်အရ ချင်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင်နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်၊ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**မြစ်ဝကျွန်းပေါ် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်ဟု သိရသည်။**

(မြန်မာ့အလင်း)

# ဆေးဖက်ဝင် ပိစပ်ပင်

ဝတ်ရည်ဆွေ
(တိုင်းရင်းဆေးပညာဦးစီးဌာန)

ပိစပ်ပင်ကို တိုင်းရင်းဆေးသမားတော်အများစု သိရှိကြပြီး ယင်းအပင်မှာ ပေါပေါများများ အလွယ်တကူ စုဆောင်းရရှိနိုင်သော သဘာဝအလေ့ကျ ပေါက်ပင်ဖြစ်ပါသည်။ ယခုလို မိုးရာသီအချိန်မျိုးတွင် ခုတ်ယူသုံးစွဲ၍ မကုန်နိုင်အောင် ပေါများလှပါသည်။ ယခုအခါ ပိစပ်ပင်နှင့် ပတ်သက်၍ ကုသရခက်ခဲသော ရောဂါများကုသရာတွင် အသုံးပြုနိုင်ကြောင်း တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ပြောဆိုနေကြသည်ကို ကြားသိနေရပါသည်။ သို့ဖြစ်၍ စာရေးသူလက်လှမ်းမီသမျှ လေ့လာထားသော ပိစပ်ပင်၏ ကောင်းကျိုးဆိုးပြစ်များကို ဖော်ပြလိုက်ရပါသည်။

**ပိစပ်ပင်၏ ကျမ်းဝင်သိပ္ပံအမည်နှင့် အခေါ်အဝေါ်**

ပိစပ်ပင်မှာ မျိုးစိတ်အမျိုးအစားအနေဖြင့် ၁၃ မျိုးအထိ ကွဲပြားနေကြောင်း တွေ့ရပါသည်။ ဆေးဖက်တွင် အများဆုံးအသုံးပြုလျက်ရှိသည့် ပိစပ်ပင်မှာ အဓိကအမျိုးအစားအနေဖြင့် နှစ်မျိုးကွဲပြားပါသည်။ ပိစပ်နှစ်မျိုးမှာ ပိစပ်ရိုးရိုး (ပိစပ်အယဉ်)နှင့် တောပိစပ် (ပိစပ်အရိုင်း)တို့ဖြစ်ပါသည်။ ဆေးဖက်၌ အသုံးဝင်သော ရိုးရိုးပိစပ်(ပိစပ်အယဉ်)၏ ရုက္ခဗေဒအမည်မှာ Eupatorium cannabinum Linn ဖြစ်ပါသည်။ Asteraceae မျိုးရင်းတွင် ပါဝင်ပါသည်။ ၎င်းပိစပ်ပင်မှာ အရွက်ပါး၍ နူးညံ့သည်။ အပင်ငယ်၍ အရွက်မှာလက်ဝါးသဏ္ဌာန် ခွေးသွားစိတ်များရှိသည်။ ရွက်ဖျားချွန်သည်။ အပွင့်မှာ အဝါရောင်ဖြစ်သည်။ အပွင့်သည် အပင်ထိပ်ဖျား အခက်ဖျား၌ ပွင့်သည်။ စူးရှသော အနံ့ရှိသည်။ ၎င်းပိစပ်ပင်ကို အင်္ဂလိပ်ဘာသာဖြင့် Hemp Agrimony ဟု ခေါ်ဆိုပါသည်။ တောပိစပ်ပင်၏ ရုက္ခဗေဒအမည်မှာ Eupatorium odaratum Linn ဖြစ်ပါသည်။ ၎င်းပိစပ်ကို ပိစပ်ရိုင်းဟုလည်းကောင်း၊ ဆင်ပိစပ်ဟုလည်းကောင်း ခေါ်ဆိုကြသည်။ အရွက်ထူ၍ အမွေးများရှိသည်။ အပင်ခြေရင်းတွင် ပုရွက်ဆိတ်များကျက်စားတတ်သည်။ ၎င်းပိစပ်ပင်ကို မြန်မာ့တိုင်းရင်းဆေးသမားတော်များက ဂျာမနီပင်၊ ဇာမနီပင်၊ ကုန်းဗေဒါပင်ဟု အမည်ကွဲများစွာ ခေါ်ဝေါ်ကြသည်။

ပိစပ်ပင်သည် ချုံပင်၊ ပင်ပျော့ပင်ငယ်မျိုးဖြစ်ပါသည်။ အပင်၏ ပုံသဏ္ဌာန်မှာ အပင်အမြင့် တစ်ပေမှ ငါးပေခန့်အထိ မြင့်ပါသည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင် သဘာဝအလျောက် ပေါက်ရောက်တတ်သော အပင် ဖြစ်သည်။ မိုးဥတုတွင်အများဆုံးတွေ့ရှိနိုင်သော်လည်း ကျန်ရာသီဥတုများတွင် အပင်မှာခြောက်သွေ့ကာ ပျောက်ကွယ်သွားတတ်ပါသည်။

**ပိစပ်ပင်တွင် ပါဝင်သော ဓာတုဒြပ်ပေါင်းများ**

ပိစပ်ပင်၏ အရွက်နှင့်အပွင့်များတွင် (a white bitter alkaloid) အယ်လ်ကာလွိုက်ဒြပ်ပေါင်း ပါဝင်သည်ဟု လေ့လာသိရှိရပါသည်။

**ပိစပ်ပင်၏ အရသာမှာ ပဋ္ဌငါးပါးစလုံးပူ၍ ခါးသက်သက်ရှိပါသည်။ သို့ဖြစ်၍ မြန်မာ့တိုင်းရင်းဆေး ပညာအလိုအရ ဓာတ်ငါးပါးတွင်ပူ၍ ပွင့်သော တေဇော၊ အာကာသဦးဆောင်သောကြောင့် ပါစကတေဇောကို အားပေးသည်။ အစာကိုကြေစေသည်။ ၎င်း၏ ကြေညက်ပြီးအရသာမှာ "စပ်"သဖြင့် အစာကြေစေပါသည်။ ဝမ်းမီးကို တောက်စေသည်။ အအေးလွန်ကဲပတ်ဖွဲ့မှု (သလိပ်ဒေါသ)ကို နိုင်နင်းပါသည်။ သွေးကိုကြွစေ၊ သက်စေတတ်သည်။ ပိစပ်ပင်၏ ဂုဏ်သတ္တိ၊ အကျိုးသွား၊ အသုံးဝင်ပုံနှင့်ပတ်သက်၍ အခြေပြုဆေးအဘိဓာန် စာမျက်နှာ ၃၃၂ တွင် ပိစပ်(ဘီးဇတ်)မှာ "ဆီးရွှင်စေ၊ အန်စေတတ်၏။ လေတို့ကိုဖြိုခွဲတတ်၏။ ၎င်းအပြင် ကိုယ်ရေဝါ၊ သွေးအန်၊ သွေးကျ၊ အနာပျက်၊ ရောင်တင်းခြင်းတို့၌ကောင်း၏။" ပိစပ်(တောဘီးဇတ်)မှာမူ "အမြစ်နှင့် အရွက်သည် အန်ဆေး၊ ဆီးဆေး၊ အမြစ်သည် ရာသီပေါ်ဆေး၊ ဝမ်းသက်ဆေးတို့၌ ကောင်း၏"**ဟု ဖော်ပြထားပါသည်။

**ပိစပ်ပင်ဆေးအသုံး**

မြန်မာ့တိုင်းရင်းဆေးကျမ်းများအဆိုအရ ပိစပ်ရွက်သည်သလိပ်ကို ကြေစေ ရွှင်စေသည်။ ပိစပ်ပင် အရိုင်းနှင့်အယဉ်နှစ်မျိုးလုံး ဆေးဖက်ဝင်ပါသည်။ ပိစပ်ရွက်ကို တစ်မျိုးတည်း အစိမ်းအတိုင်းစားပါက အော့အန်စေတတ်ပါသည်။ ပိစပ်ရွက်သည် ခန္ဓာကိုယ်တွင်းရှိ အညစ်အကြေးများကို ဖယ်ထုတ်ပေးနိုင်သော အစွမ်းသတ္တိရှိပါသည်။ အမျိုးသမီးများ၏ ငုပ်နေ၊ ထိမ်နေသည့် မီးယပ်သွေးကို သက်စေ၊ ပေါ်စေတတ်ပါသည်။ ထို့ပြင် တုတ်နှင့်သန်ကျစေသော အာနိသင်ရှိကြောင်း ဖော်ပြထားပါသည်။

မြန်မာ့ဆေးကျမ်းများအဆိုအရ ပိစပ်ရွက်ကို ရိုးကိုက်ဖျားခေါ် ကြွက်သားရိုးဆက်များ နာကျင်ကိုက်ခဲ၍ ဖျားနာခြင်းကို ကုသရာတွင် အသုံးပြုကြသည်။ ပိစပ်ရွက်သည် ဆီးရွှင်စေ၍ ချွေးကိုထွက်စေပါသည်။ အညစ်အကြေးမလတို့ကို ပြိုကွဲစေတတ်ပါသည်။ တိုင်းရင်းဆေးကောင်စီဝင် သမားတော်ကြီးများကမူ ပိစပ်ပင်အား အစာမကြေ ဝမ်းရောဂါကို ကုသရာတွင် အသုံးပြုနိုင်ကြောင်း၊ ပိုသုံးပါက ဝမ်းကို သက်စေကြောင်း ပြောကြားကြပါသည်။

နိုင်ငံတကာ စာပေနှင့် အင်တာနက် ဝက်ဘ်ဆိုက်များတွင် Eupatorium cannabinum Linn ခေါ် ပိစပ်အယဉ်မျိုးကို ဆီးဆေး Diuretic အဖြစ်လည်းကောင်း၊ ဝမ်းသက်ဆေး (Purgative) အဖြစ်လည်းကောင်း အသုံးပြုကြကြောင်း လေ့လာသိရှိရပါသည်။ Eupatorium odaratum Linn ခေါ် ပိစပ်အရိုင်းမျိုးကိုမူ အရွက်သတ္တုရည်နှင့် ဆား ပေါင်းစပ်၍ အဆိပ် poison အဖြစ်လည်းကောင်း၊ သတ္တုရည်ကို ဂနိုရောဂါအတွက် ပြင်ပဆေးရည် (External use)အဖြစ်လည်းကောင်း၊ အပင်ကို ငါးအဆိပ်သင့်စေသည့် (Fish-poison)ခေါ် ငါးအဆိပ်ဆေး၊ အဆိပ်ပင်အဖြစ် လည်းကောင်း အသုံးပြုကြကြောင်း သိရှိရပါသည်။



**ပိစပ်ပင်** (Eupatorium cannabinum Linn.)

နိုင်ငံတကာ စာပေအထောက်အထားများအရ ပိစပ်မျိုးရင်းအုပ်စုဝင် အပင်များသည် အဆိပ်ပြင်း အာနိသင်ရှိသောအပင်များ 'poisonous' plants ဖြစ်ကြောင်း၊ ၎င်းပိစပ်တွင် အသည်းကိုပျက်စီး၍ ဘေးအန္တရာယ်ဖြစ်စေတတ်သော Toxic compounds များပါဝင်နေကြောင်း " They are very poisonous plants. Species of Eupatorium have been used in folk medicine, for instance to excrete excess uric acid which causes gout, but they also contain toxic compounds that can cause liver damage" ဟု 'Eupatorium-Wikipedia,the free encyclopedia၌ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ပိစပ်ရွက်၏ ထူးခြားအစွမ်းထက်လှသော အာနိသင်တစ်ခုမှာ အနာမှန်သမျှ အသုံးပြုနိုင်ခြင်းပင်ဖြစ်ပါသည်။ အနာအမျိုးမျိုးအတွက် (ထိခိုက်ရှနာအပါအဝင်) ကုသနိုင်သော အစွမ်းထက်ဆေးတစ်လက်အဖြစ် ပိစပ်အရိုင်း(တောပိစပ်)ကို အသုံးပြုရပါသည်။ ဆေးရည်ဖော်စပ်ရာတွင် ပိစပ်ရိုင်း(ဝါ)တောပိစပ် ၅၀ ကျပ်သားကို ရေစင်အောင်ဆေးထားရပါသည်။ ပြီးပါက ခုတ်စဉ်းပြီး အရက်ဦးရည်(သို့မဟုတ်) အရက်ပျံ ၁၀၀၀ စီစီတွင် နှစ်ညသိပ် သုံးရက်စိမ်ထားရန် လိုအပ်ပါသည်။ အဆိုပါဆေးရည်ကို မကြာခဏထည့်ပေး၊ လိမ်းပေးခြင်းဖြင့် ဖော်ပြခဲ့သောထိခိုက်ရှနာ၊ ဒဏ်နာ၊ အဆစ်အမြစ် ကိုက်ခဲနာကျင်ခြင်း၊ ကျိုးပေါင်းတက်ခြင်း၊ အဖော၊ အရောင်၊ အိပ်ရာနာ (Bed sores) များနှင့် အပူလောင်မီးလောင်၊ အနာဆွေး အနာအိုများ (Wounds, Burns & Ulcers) ကို သက်သာပျောက်ကင်းနိုင်သော အာနိသင်ရှိပါသည်။ အရေးပေါ်အသုံးပြုလိုပါက ပိစပ်ရွက်သတ္တုရည်(အရွက်ကိုရေစင်အောင်ဆေး၍ ထောင်းထုကြိတ်ညှစ်ပြီး စစ်ယူထားသောအရည်)ကို အနာများတွင် အနာကျက်ဆေးအဖြစ်ထည့်ပေးနိုင်ပါသည်။ အမှန်တကယ်သုံးကြည့်ပါက ( Injuries & Cuts) ထိခိုက်ရှနာအတွက် ထိရောက်၍ အစွမ်းထက်အာနိသင်ရှိကြောင်း တွေ့ကြရမည်ဖြစ်ပါသည်။

**ပိစပ်ပင်ကို သောက်ဆေး oral use အဖြစ် တိုက်ကျွေးအသုံးပြုပါက တောက်စေ၊ အန်စေတတ်သဖြင့် အစိမ်းစားခြင်း၊ သတ္တုရည်တိုက်ကျွေးခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။ သို့သော် ပိစပ်ရွက် (အရိုင်းရော အယဉ်ပါ) အနာများအတွက် အစွမ်းထက်၍ နှစ်မျိုးစလုံး သုံးနိုင်ပါသည်။ ပိစပ်ရွက်သည် အနာများကို ကျက်စေနိုင်ပါသည်။ အနာကျက်စေရုံသာ မကဘဲအနာများကို အသားနုလည်းတက်စေနိုင်ပါသည်။ အနာမှ ပြည်မြစ်များကိုလည်း စုပ်ယူဆွဲထုတ်ပေးနိုင်သော အာနိသင်ရှိပါသည်။ မြန်မာတိုင်းရင်းဆေး သမားတော်များမှာမူ ပိစပ်ရွက်၏ပူခါးစပ်အရသာအပြင် ထူးခြားလှသော ဂုဏ်သတ္တိများကြောင့် ထိခိုက်ရှနာများနှင့် အနာပေါက်ရောဂါများကုသဆေးအဖြစ် အသုံးပြုလေ့ရှိပါသည်။ ထို့မှုမက အနာကြောင့် ရောင်ရမ်းပြီးမန်းဝင်ခြင်းကို သက်သာစေနိုင်၍မန်းဆေး(Anti-septic) အဖြစ်ထိရောက်စွာ အသုံးပြုနိုင်ပါသည်။ သို့ဖြစ်၍ ထိခိုက် ရှနာ၊ဒဏ်နာ ထည့်ဆေးရည်အဖြစ် အသုံးပြုခြင်းသည်သာ အသင့်တော်ဆုံးဖြစ်ပါသည်။**

**သတိပြုစေချင်ပိစပ်ပင်**

ပိစပ်ပင်သည် တစ်မည်ချင်းသုံးရာတွင် ထက်မြက်သဖြင့် မြစ်ချင်းပြီးဆေးပင် (Single Plant Therapy)အဖြစ်အသုံးပြုကြကြောင်း တွေ့ရပါသည်။ ပိစပ်ပင်နှင့် ပတ်သက်၍ အသည်းရောဂါ၊ ကင်ဆာရောဂါ အမျိုးမျိုးနှင့် AIDS ရောဂါများကုသရာတွင် သက်သာပျောက်ကင်းကြောင်း စနစ်တကျသုတေသနပြုလုပ်ထားခြင်းမရှိသေးပါ။ စာပေကျမ်းဂန် အထောက်အထားများလည်း မတွေ့ရှိပါ။ သို့ရာတွင် အချို့ရောဂါများတွင်မှု တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းအနေဖြင့် ပိစပ်ပင်အား အသုံးပြုကုသမှုများရှိပါသည်။ သက်သာပျောက်ကင်းမှုများကိုလည်း ကြားသိရပါသည်။ မြန်မာ့ တိုင်းရင်းဆေးသမားတော် အများစုကလည်း ပိစပ်ပင်ကို တစ်မျိုးတည်း တိုက်ကျွေး ကုသအသုံးပြုမှု မရှိသလောက် နည်းပါးကြောင်း၊ ထိခိုက်ရှနာနှင့် အကျိတ်အဖုအနာများတွင် အနာထည့်ဆေး၊ လိမ်းဆေးအဖြစ်အသုံးများကြောင်း၊ သောက်ဆေးအဖြစ် ရေရှည်သုံးစွဲရန် မသင့်တော်ကြောင်း ပြောကြားကြပါသည်။ **မြန်မာစကားပုံတွင် "တန်ဆေး လွန်ဘေး"ဟူ၍ ရှိပါသည်။ မည်သည့်အစာ၊ မည်သည့်ဆေးမဆို သင့်တော်ရုံ သုံးစွဲပါက ဆေးဝါးဖြစ်စေနိုင်သော်လည်း အလွန်အကဲသုံးစွဲ စားသောက်ပါက ဘေးဒုက္ခ ရောက်စေနိုင်ပါသည်။ ဆေးပင်ဖြစ်စေ၊ ဆေးဝါးဖြစ်စေ သုံးစွဲရာ၌ အရေးပါသောအချက်မှာ အချိန်အတွယ်ပမာဏ တိကျမှုပင်ဖြစ်ပါသည်။ "အတိုင်းအဆပမာဏ အတိအကျမသုံးစွဲပါက ဆေးသည် ဘေးဖြစ်စေနိုင်ပါသည်။ အတိုင်းအဆအတိအကျသုံးစွဲပါကအဆိပ်ကိုပင် ဆေးအဖြစ် အသုံးပြုနိုင်ပါသည်။"** အစားအစာများနည်းတူ မည်သည့် တိုင်းရင်းဆေး၊ အနောက်တိုင်းဆေးမဆို သုံးစွဲသင့်သည့် ပမာဏ ထက်ပိုလွန်၍ အသုံးပြုပါက အသက်အန္တရာယ်ပင် ထိခိုက်စေနိုင်မည် ဖြစ်ပါသည်။ တိုင်းရင်းဆေးနယ်ပယ်တွင် အချိန်ကာလ၊ နေထိုင်ရာဒေသ၊ လူနာ၏အသက်အရွယ်၊ အပိန်အဝ၊ ဝမ်းမီး၊ ခံနိုင်ရည်ရှိမှု၊ ဖောက်ပြန်သော ဒေါသ စသည်တို့ကို သုံးသပ်ပြီးမှ ဆေးပေးဆေးကု ပြုလုပ်လေ့ရှိပါသည်။ ဆေးပင်တစ်မျိုးတည်းဖြင့် ရောဂါစုံပျောက်ကင်းအောင် ကုသနိုင်ခြင်းမရှိပါ။ တိုင်းရင်းဆေးသမားတော်များအနေဖြင့် ယခုတင်ပြသော ပိစပ်ပင်ကိုလည်း တစ်မျိုးတည်းတိုက်ကျွေး အသုံးပြုခြင်းမှ ရှောင်ကြဉ်ကြပါသည်။ ပြင်ပလိမ်းဆေး၊ အနာကျက်ဆေးအဖြစ်သာ အသုံးပြုကြပါသည်။ သို့ဖြစ်၍ ပိစပ်ပင်သာမက မည်သည့်ဆေးပင်၊ ဆေးဝါးမဆို အများသူငါ ပြောရုံမျှဖြင့် သုံးစွဲခြင်းမပြုဘဲ ဆေးပင်ကို တစ်မျိုးတည်းသုံးစွဲမည်ဆိုပါက တတ်ကျွမ်းနားလည်သော တိုင်းရင်းဆေးသမားတော်များနှင့် တိုင်ပင်သုံးစွဲသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။



**ပိစပ်ပင်(တောပိစပ်)** (Eupatorium odaratum Linn.)

# လျာထားချက်များ ပြည့်မီကျော်လွန်ရေး ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် စီမံကိန်းများ သတ်မှတ်ကာလအတွင်း အပြီးတည်ဆောက်

နေပြည်တော် စက်တင်ဘာ ၂၁

**အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၉ရက် နံနက်၉နာရီက နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**အမှာစကားပြောကြား**

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်စောလွင်က အမှာစကားပြောကြားရာတွင် ယခင်ဘဏ္ဍာရေးနှစ်တွင် ထုတ်လုပ်မှုလုပ်ငန်းများကို လျာထားချက်များပြည့်မီစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခု ဘဏ္ဍာရေးနှစ်တွင်လည်း လျာထားချက်များ ပြည့်မီကျော်လွန်ရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်းသစ်များကိုလည်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ပြီး ထုတ်လုပ်မှုလုပ်ငန်းများ ဝင်ငွေတိုးတက်ရရှိလာအောင် ဆောင်ရွက်ရန်လိုကြောင်း၊ အလေအလွင့်နည်းပါးပြီး ခြိုးခြံချွေတာကြရန်လိုကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က စက်ရုံအသီးသီးမှ ထုတ်လုပ်သည့်ပစ္စည်းများ အရောင်းမြှင့်တင်ရေး ဆောင်ရွက်ရန်များကိုလည်းကောင်း၊ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်က ယခုဘဏ္ဍာရေးနှစ်၊ ကုန်ထုတ်လုပ်မှုလျာထားချက် ပြည့်မီရေး လိုအပ်ချက်များကိုလည်းကောင်း တင်ပြကြပြီး ဦးဆောင်ညွှန်ကြားရေးမှူးများက ကုန်ထုတ်လုပ်မှုလျာထားချက် ပြည့်မီရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ ဌာန/လုပ်ငန်း၊ စက်ရုံများမှ ဝန်ထမ်းသားသမီးများအတွက် ပညာသင်ဆုများကို ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက လက်ခံကြသည်။ **(သတင်းစဉ်)**





**နှစ်ဖက်သော အဘိုးအဘွားများနှင့် မိဘများဖြစ်သော ဦးမောင်ကြည် ဒေါ်မြသီ နှင့် ဦးဥာဏ် လင်း ဒေါ်အေးမြင့်တို့အား အမှူးထား၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၇)ရပ်ကွက် ၁၅လမ်း အမှတ်(၅၃)နေ သားကိုလုဝင်း၊ သမီး မခင်ရီ၊ မြေး မောင်ရဲခန့်တို့က ဒဂုံမြို့နယ် အမှတ်(၁၆) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်ဘုရား ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ပွဲတော်ကျင်းပရေးကော်မတီတို့ ပူးပေါင်း၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်ဘုရားကြီး**(အပေါ်ပုံ)**၏ ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်တိုဘာ ၇ ရက် (သီတင်းကျွတ်လပြည့်ကျော် ၁ ရက်)မှ အောက်တိုဘာ ၁၁ ရက် (သီတင်းကျွတ်လပြည့်ကျော် ၆ ရက်)နေ့အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

**စတင်ဆောင်ရွက်**

ဘုရားပွဲတော်ရက်များတွင် ဘုရားရင်ပြင်တော်အတွင်း သန့်ရှင်းသာယာလှပစွာ ပြုပြင်ဆောင်ရွက်ထားရှိစေရေး၊ အဘိဓမ္မာအခါတော်နေ့ ကျင်းပပြုလုပ်ရေး၊ ဆီမီးနှင့်ရောင်စုံမီးထွန်းညှိပေးထားစေရေး၊ မြန်မာ့ဇာတ်သဘင်(ရန်ကုန်)များ၊ ဘောလုံးပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ အစုံအလင်ထည့်သွင်းကျင်းပနိုင်ရေးအတွက် သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးညိုလှ၊ ကျိုက္ခမီရဲတပ်ဖွဲ့စခန်း-စခန်းမှူး ရဲအုပ်အောင်သိန်း၊ ဘဏ္ဍာထိန်းအဖွဲ့ဥက္ကဋ္ဌ ဦးချမ်းစိန်၊ အတွင်းရေးမှူး ဦးလှကြည်တို့ ဦးဆောင်ကြီးကြပ်သော ပွဲတော်ကျင်းပရေးကော်မတီကို စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်၍ လုပ်ငန်းများ စတင်စီမံဆောင်ရွက်နေပြီဖြစ်သည်။

**ညှိနှိုင်းစီမံ**

ကျိုက္ခမီဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်ဘုရားနှင့် စက်စဲကမ်းခြေတို့သို့ ရောက်ရှိလာမည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်တို့အား တည်းခိုနိုင်ရေး၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ လုံခြုံချောမွေ့ရေးများ၊ မှတ်တမ်းတင် ဓာတ်ပုံဆိုင်များ၊ အရောင်းဆိုင်များ နေရာချထားရေးနှင့် ဘုရားဖူးများ နေ့၊ ညသွားလာနိုင်ရေးတို့ကိုလည်း ပွဲတော်ကျင်းပရေးကော်မတီက ညှိနှိုင်းစီမံ ဆောင်ရွက်ထားပြီဖြစ်သည်။

**ပိုမိုစည်ကားစွာ ကျင်းပမည်**

ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်ဘုရားပွဲတော်သည် ယမန်နှစ်ကထက် ယခုနှစ် ပိုမိုစည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်ရန် အထူးအစီအမံများ ဆောင်ရွက်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**စက်တင်ဘာ ၉ရက်က လှိုင်မြို့နယ် ပညာတန်ဆောင်စာစီစာကုံး ပြိုင်ပွဲကို အလက (၈) လှိုင်တွင် ကျင်းပရာ မြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်မြင့်ရီ၊ လက်ထောက် မြို့နယ် ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး နှင့် ဆရာမများ လှည့်လည်ကြည့်ရှုစဉ်။** (က-ပ)

# မိုက်တီးလေးများ ရုံငါးရုံအပြိုင်ဝင်လာ မျှော်လင့်ခြင်းများစွာ ဆက်လက်အားကောင်းဆဲ

**ရုပ်ရှင် သတင်းထောက်**

ရန်ကုန် စက်တင်ဘာ ၂၁

**ဒါရိုက်တာ မိုက်တီး၏ "မိုက်တီးလေးများ"ဇာတ်ကား ယခုသောကြာပတ်တွင် ရုံဝင်လာသည်။ ရန်ကုန်မြို့တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ရုံဝင်လာပြီး၊ မန္တလေးမြို့တွင် ဝင်းလိုက်နှင့် မြို့မရုံများတွင် တစ်ပြိုင်တည်း ပြသလျက် ရှိသည်။**

မိဘတို့မည်သည် သားသမီးကို ငယ်စဉ်ကတည်းက နည်းမှန်လမ်းမှန် ဆုံးမသွန်သင်မှသာ သားသမီးရတနာကောင်းများ ဖြစ်လာနိုင်ပုံများကို သင်ခန်းစာပေးထားသော မိသားစုမေတ္တာဘွဲ့ ဟာသအက်ရှင်၊ ဒရမ်မာဇာတ်ကားဖြစ်သည်။

လူမင်း၊ ရာဇာနေဝင်း၊ လွင်မိုး၊ မင်းမော်ကွန်းဆိုသော သားဆိုးလေးယောက်ဖခင် အရက်သမားလက်ဖဲ့ကျော်အဖြစ် ညွန့်ဝင်းနှင့် လင်ဆိုးမယားတဖားဖား သားဆိုးအမေ တပေပေဖြစ်နေသော နွဲ့နွဲ့မူတို့ မိသားစု အဝန်းအဝိုင်းလေးထဲသို့ အလင်းရောင် ဆိုသော မိန်းမချောအလိမ္မာမလေး ဝင်ရောက်လာသောအခါ မေတ္တာရောင်ပြန် ဟပ်ပြီး အကောင်းဘက်သို့ အရောင်ပြန်ပြောင်း မည့်အချိန် ရင်နှင့် ကြေကွဲဖွယ်အဖြစ်ဆိုးကြီးနှင့် ကြုံရလေသောအခါ - -- **မိုက်တီးလေးများ** တွင် ဆက်လက်ရှုစားကြပါကုန်။

ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ **မျှော်လင့်ခြင်းများစွာ** ဇာတ်ကားမှာ ရွှေဆောင်ရုံတွင် ဆက်လက်



အားကောင်းနေဆဲ ဖြစ်သည်။ နေပြည်တော်ရုံတွင် Superman Returns ရုပ်ပါမင်းပြန်လာပြီ၊ မြို့မရုံ တွင် Dus ၊ ရွှေဂုန်ရုံအပေါ်ထပ်တွင် The Real Mecoy အက်ရှင်ကားများ ပြသနေပြီး ရွှေဂုန်ရုံ မြေညီထပ်တွင် Naagmani ပတ္တမြားစောင့်မြွေမင်းသားအိန္ဒိယ ဇာတ်ကား တင်ဆက်လျက်ရှိသည်။

ဆုထူးပန်ရုံတွင် စူနီးလ်ရှက်သီးနှင့် ကရစ်ရှမားကပူးရ်တို့ ပါဝင်ထားသော Krishma ဇာတ်ကားရုံဝင်လာပြီး ဘုရင့်ရုံတွင် Ishq ဇာတ်ကားပြသနေသည်။

ဒါရိုက်တာ ညိုမင်းလွင်၏ **နဂါး၊ ဂဠုန်၊ ကုမ္ဘာဏ်၊ ယက္ခ** ဇာတ်ကားမှာ စံပြ၊ ရွှေမန်း၊ သီတာနှင့် မြရတနာရုံများတွင် ဆက်လက် ပြသနေပြီး ကျော်ရဲအောင်၊ နေတိုး၊ မင်းဟိဏ်း၊ မို့မို့မြင့်အောင်၊ ခိုင်သင်းကြည်၊ ရူရူးမောင်တို့ ပါဝင်ထားသော **နဂါးလမ်း** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကားမှာ နဝဒေးနှင့်မဟာမြိုင်ရုံများတွင်ကြည့်ကြ ရမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

**မိုက်တီးလေးများနှင့် နွဲ့နွဲ့မူ။**

# ကျွန်းလှမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၁**

ကျွန်းလှမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို အောက်တိုဘာ ၁ ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် အလုံမြို့နယ် ဆဒ္ဒန်လမ်း အောင်စေတီကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသက် ၇၅ နှစ်အထက် အသင်းဝင်သက်ကြီးများအား ပူဇော်ပွဲနှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်ရန်အတွက် ကြိုတင်စာရင်းပေးကြရမည်ဖြစ်သည်။ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဦးရွှေကျော် ဖုန်း- ၆၄၃၉၆၄၊ ဦးသိန်းထွန်း ဖုန်း- ၅၇၉၈၄၃၊ ဦးဇော်ညွန့် ဖုန်း- ၅၃၇၆၉၀ နှင့် ဦးညိုစိန် ဖုန်း-၆၉၉၇၀၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၅၂)**

22-9 (11) 1 9/22/06, 1:30 AM

# ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၁**

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၁၈ ရက် နံနက်က မိတ္ထီလာမြို့ မြေပြင်အတတ်သင် လေတပ်စခန်း အားကစားကွင်း၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲသို့ မြေပြင်အတတ်သင် လေတပ်စခန်းမှ အုပ်မှူး၊ တပ်မှူးများ၊ နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများယှဉ်ပြိုင်

**ရန်ကုန် စက်တင်ဘာ ၂၁**

၂၀၀၆ ခုနှစ် (၂၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားအသက် ၂၁ နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့် နယ်ဗုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က) အုပ်စု ရတခဗုန်(မော်လမြိုင်) ရာမညအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် အသင်းကို ၁၃ ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ) အုပ်စု နတခဗုန်(ပုသိမ်) ဧရာဝတီတိုင်း အားကစားကွင်း၌ကျင်းပသော ပြိုင်ပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို ဂိုး ၂၀-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဂ) အုပ်စု နမခဗုန် (မုံရွာ) နမခအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားပြီး (ဃ) အုပ်စု လပခဗုန် (မန္တလေး) ဗထူးအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့ လေးဂိုးစီဖြင့် သရေပွဲဖြစ်ကာ (င)အုပ်စု တပခဗုန် (တောင်ငူ) တပခအားကစားကွင်း၌ကျင်းပသော ပြိုင်ပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆောက်လုပ်မည်

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဇီးပင်ဝဲကျေးရွာ ဇီးပင်ဝဲအနောက် ဘုန်းတော်ကြီးသင်ပညာရေး(မူလွန်) ကျောင်းတွင် ပညာသင်ကြားလျက်ရှိသော နယ်စပ်ဒေသမှ တိုင်းရင်းသား ကလေးသူငယ်များနှင့် ဆင်းရဲနွမ်းပါးသော ကလေးသူငယ်များ ပညာသင်ကြားပေးနိုင်ရန်အတွက် လှည်းကူးမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဓမ္မာလင်္ကာရ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ ဘုန်းတော်ကြီးသင်ပညာရေး(မူလွန်)ကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တကောဝိဒ ကိုယ်တိုင်ဦးစီး၍ သီရိရတနာ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်မည်ဖြစ်ရာ လှူဒါန်းလိုသူများ နိဗ္ဗာန်ဆိပ်ဦးကျောင်း ဖုန်း-၀၁-၆၂၉၄၇၀၊ ဇီးပင်ဝဲအနောက်ဘုန်းတော်ကြီးသင် ပညာရေး(မူလွန်) ကျောင်း ဖုန်း-၀၁-၆၂၉၄၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် မော်ဘီမြို့နယ် ဈေးရှေ့ ဦးသန်းတင်-ဒေါ်အေးမေ (သစ္စာအောင်မြင်ရွှေဆိုင်)ကအလှူငွေကျပ်၁၅၀၀၀၀ ကို ကျောင်းဖြစ်မြောက်ရေး ကော်မတီ အတွင်းရေးမှူး(၃) ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)



# ဉာဏ်ရည်မမီသူများ ဘောလုံးနည်းပြသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၁**

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်နှင့် ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့တို့ ကြီးမှူး၍ ဉာဏ်ရည်မမီသူများ ဘောလုံးနည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ သင်တန်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ Special Olympics Asia Pacific ကိုယ်စားလှယ် မလေးရှားနိုင်ငံမှ Mr. Simon Koh၊ အင်ဒိုနီးရှားနိုင်ငံမှ Mr. Amram Serigar နှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

## ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများ အားကစား အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးမျိုးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး Special Olympics Asia Pacific ကိုယ်စားလှယ် Mr. Simon Koh က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အင်ဒိုနီးရှားနိုင်ငံမှ Mr. Amram Serigar က မြန်မာနိုင်ငံ ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့သို့ အားကစားပစ္စည်းများ ပေးအပ်ရာ အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးမျိုးမြင့်က လက်ခံရယူပြီး **(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(မြန်မာ့အလင်း)**

# The Live News ဂျာနယ် အမှတ်(၃)ထုတ်ဝေဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၂၁**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၃)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြို့ရွှေဘိုက ရွှေတန်ဆာဘုရား၊ ပန်းဈေးခင်းထဲလမ်းလျှောက်ခြင်း၊ အညတရ၏ဘဝအားမာန်၊ ကြက်ကိုးမ ကိုးလမွေး၊ ပြည်တွင်းတွင် အစအဆုံး ထုတ်လုပ်နိုင်ပြီဖြစ်သည့် ယာဉ်ကြီးများ၊ အရှေ့အလယ်ပိုင်းမှ စစ်မုန်တိုင်းများ၊ အာရှရာစုသစ် ဘယ်တော့ဖြစ်၊ ဆဋ္ဌမအာရုံ၊ ကမ္ဘာ့နံပါတ်(၂)အဆင့်ကို ရယူနိုင်ခဲ့သူ ဂျင်မ်ဖျူရစ်၊ စပိုင်ချစ်သူအပိုင်းခုနစ်၊ အပိုင်းရှစ်ဇာတ်လမ်း အကျဉ်းအစရှိသည့် ဆောင်းပါးများ၊ ပြည်တွင်းပြည်ပမှ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာသတင်းများကို ကိုကိုလှိုင်၊ မောင်ဆုရှင်၊ ဒေါက်တာမတင်ဝင်း၊ မြင်းမူမောင်နိုင်မိုး၊ ကောင်းခန့်ကျော်၊ ကြယ်လင်းမောင်၊ စိုးမြင့်ငြိမ်း၊ နီဟိန်းအောင်၊ နန်းအိအိဖြူ၊ ဂွမ်းဖြူဇင်၊ ဝင်းကိုကို၊ မင်းထက်လူ၊ မိုးကြိုး(ဝါးနွယ်ကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာများ၊ သတင်းစာဆရာများက လက်စွမ်းပြ ပါဝင်ရေးသားတင်ဆက်ထားသည်။

The Live News ဂျာနယ်နှင့် ဆက်သွယ်လိုသူများ အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်းအမှတ် ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**




# သတိပေးနှိုးဆော်ချက်

၁။ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)ပစ်ဖောက်ခြင်းဖြင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)တို့ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့ တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၅ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များအား-

(က) ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု ၁၂မှုတွင် တရားခံ ၁၆ဦးအား အနည်းဆုံး ထောင်ဒဏ်နှစ်နှစ်မှ အများဆုံး ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်အရေးယူခဲ့သည်။

(ခ) ဖောက်ခြင်း၊ ပစ်လွှတ်ခြင်းများ ပြုလုပ်သဖြင့် အရေးယူမှု တစ်မှုတွင် တရားခံတစ်ဦးအား အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ်၂၀၀၆ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်ပါက ယခင်နှစ်များနည်းတူ အောက်ပါအတိုင်းအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(က) ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းပြုလုပ်ပါက တည်ဆဲဥပဒေအရ အများဆုံးထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ခ) ပစ်လွှတ်သည့်နေရာ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ဗြောက်အိုး၊ မီးရှူးနှင့်ဒုံးများ(ရှူးဒိုင်း) ဖောက်လျှင် တည်ဆဲဥပဒေအရ အများဆုံးထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာဆုပေးမည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ။**

# အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ဂုဏ်ပြု ငွေပဒေသာပင်နှင့်ဆေးဝါးများလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၁**

၂၀၀၆ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ဂုဏ်ပြုသောအားဖြင့် အကြိုလှုပ်ရှားမှုအဖြစ် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲနှင့် ဆေးဝါးများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သိန်းတင်လမ်းထောင့်ရှိ သီလရှင်လေးများ ဘိုးဘွားရိပ်သာ၊ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ ဘွားသုခ ဘိုးဘွားရိပ်သာ၊ ဘောက်ထော် ပြည်သာယာလမ်းရှိ မွတ်စလင် သက်ကြီး ဘိုးဘွားရိပ်သာများတွင် ကျင်းပသည်။

## ကျေးဇူးတင်စကားပြောကြား

ရှေးဦးစွာ ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က ငွေပဒေသာပင်နှင့် ဆေးဝါးများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး သီလရှင်လေးများ ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ သီလရှင်လေးများ ဘိုးဘွားရိပ်သာ မှ Sister Mari ကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး **(အောက်ပုံ)** ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

## အလှူငွေများလက်ခံ

ဆက်လက်၍ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ဝင်းနှင့် အဖွဲ့သည် သဃ်္ဃန်းကျွန်း မြို့နယ် ဘွားသုခရိပ်သာနှင့် ဘောက်ထော်ပြည်သာယာလမ်းရှိ မွတ်စလင်သက်ကြီးဂေဟာသို့ အလှူငွေများပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးမှူးများက အလှူငွေများ လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရှာရန်ရာနှုန်း ၈၀

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

# (၁၉)ကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲ

**ရန်ကုန် စက်တင်ဘာ ၂၁**

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ငွေကြာရံ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရေဝတ (နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်) ဆရာတော်ကြီးအား အမှူးထား၍ မြတ်ရတနာ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝါယမနှင့် တပည့်သံဃာတော်များ၊ ဒါယကာ ဒါယိကာမများက သီတင်းကျွတ်လဆန်း ၁၁ရက်မှ လပြည့်နေ့အထိ ငါးရက်တိုင်တိုင် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကို ဆင်ယင်ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

# ကမ္ဘာတစ်လွှား အားကစား

# ပရီမီယာလိဂ်ပွဲစဉ် (၂)လက်ကျန်ပွဲ လီဗာပူးက နယူးကာဆယ်ကို နှစ်ဂိုးပြတ်နိုင်

လန်ဒန် စက်တင်ဘာ ၂၁

**ပရီမီယာလိဂ်ပွဲစဉ်(၂)လက်ကျန်ပွဲအဖြစ် လီဗာပူးနှင့် နယူးကာဆယ်တို့ စက်တင်ဘာ၂၀ရက်က ယှဉ်ပြိုင် ကစားရာ လီဗာပူးက နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။**

ဘယ်လာမီနှင့်ဒက်ကွတ်တို့ တိုက်စစ်အတွဲဖြင့် စတင်ကစားခဲ့သော လီဗာပူးသည် အလွန်ဆို၊ ဂျရတ်၊ ဂါစီယာနှင့် ဆစ်ဆိုကိုတို့ကို အလယ်တန်းမှ တိုက်စစ်အားဖြည့်ခဲ့သဖြင့် နယူးကာဆယ်ကို ဖိဖိစီးစီးကစားနိုင်ခဲ့သည်။

**နှစ်ဂိုးပြတ်**

လီဗာပူးတို့ ဂိုးသွင်းခွင့် ၂၄ကြိမ် ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ၁၁ကြိမ် ရရှိခဲ့သော်လည်း နှစ်ဂိုးသာသွင်းယူနိုင်ခဲ့သည်။ လီဗာပူးအတွက် ဂိုးများကို တိုက်စစ်မှူး ဒက်ကွတ်က ၂၉မိနစ်တွင်တစ်ဂိုး၊ ၇၉မိနစ်တွင် ကွင်းလယ်ကစားသမား အလွန်ဆိုက တစ်ဂိုးသွင်းယူခဲ့သဖြင့် နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

**ရပ်တည်**

နယူးကာဆယ် တိုက်စစ်မှူး မာတင်နှင့် အမီယိုဘီတို့က လီဗာပူးနောက်တန်းကို ကျော်ဖြတ်ကာ ဂိုးသွင်းခွင့် ခြောက်ကြိမ်ခန့်ရရှိခဲ့သော်လည်း ဂိုးအဖြစ် မဖန်တီးနိုင်ခဲ့ချေ။ လီဗာပူး ယခုပွဲ အနိုင်ရရှိခဲ့သဖြင့် ငါးပွဲကစား၊နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊နှစ်ပွဲရှုံးဖြင့် တန်းစီဇယားအဆင့်ကိုး၌ ရပ်တည်နေသည်။ **(အင်တာနက်)**

### စုစည်းတင်ပြသူ
### မောင်မောင်မြင့်ဆွေ



လီဗာပူးမှ ဘယ်လာမီ(လယ်) ၏ ထိုးဖောက်ကစားမှု။

# စီးရီးအေပွဲစဉ် (၃) ယှဉ်ပြိုင်ကစား အေစီမီလန်၊ အင်တာမီလန်တို့ နိုင်ပွဲများရရှိ

ရောမ စက်တင်ဘာ ၂၁

**အီတလီစီးရီးအေပွဲစဉ် (၃)ကို စက်တင်ဘာ ၂၀ရက်က ဆက်လက်ကစားရာ အင်တာမီလန်၊ အေစီမီလန်နှင့် ပါလာမိုတို့ နိုင်ပွဲများရရှိခဲ့သဖြင့် တန်းစီဇယားထိပ်ဆုံးသို့ ပါလာမိုရောက်ရှိလာသည်။**

**အေစီမီလန်နှင့် အက်စ်ကိုလီ**

တန်းတက်အသင်း အက်စ်ကိုလီအား အေစီမီလန်တို့ အိမ်ကွင်း၌ပင် ခက်ခက်ခဲခဲ အနိုင်ယူခဲ့ရသည်။ အဝေးကွင်းဖြစ်သော်လည်း အက်စ်ကိုလီတို့က ၃-၅-၂ ပုံစံဖြင့် ကစားခဲ့မှုကြောင့် အေစီမီလန်တိုက်စစ်ကို ကွင်းလယ်မှ ဟန့်တားနိုင်ခဲ့ရာ ပထမပိုင်းပွဲချိန်အတွင်း အေစီမီလန် တိုက်စစ်မှူးများဖြစ်သည့် အင်ဇာဂီနှင့် ဘောရေးလိုတို့ ဂိုးသွင်းခွင့်မရရှိခဲ့ချေ။



အင်တာမီလန်မှ အီဘရာဟင်မိုဗစ် ရိုးမားဘက်သို့ ဂိုးသွင်းရန် ကြိုးစားခဲ့စဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒုတိယပိုင်းပွဲချိန် ၆၈မိနစ် ရောက်မှသာ အေစီမီလန် ကွင်းလယ်ကစားသမား ဂျန်ကူလော့ဗ်စကီးက တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့သည်။ အက်စ်ကိုလီ တိုက်စစ်မှူး ဇာနက်တီနှင့်ဂျေလာနိုဗစ်တို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း အရာမထင်ခဲ့၍ တစ်ဂိုးတည်းဖြင့်ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

**ရိုးမားနှင့်အင်တာမီလန်**

ချယ်လ်ဆီး တိုက်စစ်မှူးဟောင်း ခရက်စပိုကြောင့် အင်တာမီလန်တို့ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရိုးမားတို့ အိမ်ကွင်းအနိုင်ရရေး ကြိုးပမ်းခဲ့သော်လည်း အင်တာမီလန်နောက်တန်းခံစစ်မှူးများကို ပိုင်ပိုင်နိုင်နိုင် မကျော်ဖြတ်နိုင်ခဲ့ချေ။ အင်တာမီလန်၏တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၄၄မိနစ်၌ ခရက်စပိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ခရက်စပိုနှင့် အီဘရာဟင်မိုဗစ်တို့က ဗီအဲရာ၊ စတန်ကိုဗစ်တို့၏ ပံ့ပိုးမှုဖြင့် ရိုးမားနောက်တန်းကို အချိန်ပြည့် ခြိမ်းခြောက်နိုင်ခဲ့သော်လည်း တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ အင်တာမီလန်သည် ယခုပွဲအနိုင်ရသဖြင့် နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် တန်းစီဇယား တတိယနေရာ၌ ရှိနေသည်။

**ပါလာမိုနှင့် ကာတာနီရာကယ်စီရီ**

အတန်းတက် ကယ်စီရီတို့က ပွဲချိန် ၂၆မိနစ်တွင် အဖွင့်ဂိုးစောစီးစွာ သွင်းယူနိုင်ခဲ့သော်လည်း အိမ်ကွင်း၌ ပါလာမိုတို့က ဂိုးမိုးရွာနိုင်ခဲ့သည်။ ပါလာမိုသည် ယခုနှစ် ခြေစွမ်းပြလျက်ရှိရာ ကယ်စီရီနှင့်ပွဲ၌ ၂၈မိနစ်တွင် တေဒက်ကို၊ ၄၆မိနစ်တွင် ဆန်ပလီစီရို၊ ၆၈ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ကိုရီနီက တစ်ဂိုးအပြင် ၇၄မိနစ်၌ အမော်ရီနှင့် မိနစ်၈၀တွင် ဘာဇာဂလီတို့က တစ်ဂိုးစီသွင်းကာ ငါးဂိုးအထိ ရယူနိုင်ခဲ့သည်။ ကယ်စီရီ၏ ချေပဂိုးများကို ပွဲချိန် ၂၆မိနစ်၌ ကိုရီနာ၊ ၆၄မိနစ်တွင် မာစကာရာနှင့် မိနစ် ၉၀တွင် စပင်စီတို့က တစ်ဂိုးစီ ချေပဂိုးပြန်သွင်းခဲ့သဖြင့် ငါးဂိုး-သုံးဂိုးဖြင့် ကယ်စီရီတို့ရှုံးခဲ့ရခြင်းဖြစ်သည်။

**အခြားပွဲရလဒ်များ**

| | | |
|---|---|---|
| ဖီအိုရင်တီးနား | ၁-၀ | ပါးမား |
| ဆမ်ဒိုးရီးယား | ၃-၃ | အူဒီးနိစ် |
| ကက်ဂလီယာရီ | ၂-၂ | လီဗော်နို |
| အတ္တလန္တာ | ၀-၀ | အမ်ပိုလီ |
| မက်ဆီနာ | ၂-၀ | ရက်ဂျီးနား |
| တိုရီနို | ၁-၂ | ဆီနာ |
| ချေယေးဗို | ၀-၁ | လာဇီယို။ |

(အင်တာနက်)



အေစီမီလန်မှ ကာကာ၏ ကစားဟန်။

# ဖူလ်ဟမ်အသင်းတိုက်စစ်မှူး ပါးရိုးအက်သွား ခြောက်ပတ် အနားယူ ကုသမှုခံယူရမည်

**လန်ဒန် စက်တင်ဘာ ၂၁**

ဖူလ်ဟမ်တိုက်စစ်မှူး လူးဝစ်ဘိုအာမော်တေသည် ကစားဖော် ဟယ်ဂူဆင်နှင့် ခေါင်းချင်းဆတ်မိ၍ ပါးရိုးအက်သွားသဖြင့် ခြောက်ပတ် အနားယူရလိမ့်မည် ဖြစ်ကြောင်း ဖူလ်ဟမ်အသင်းက ပြောကြားလိုက်သည်။

**မလွယ်ကူ**

ဖူလ်ဟမ်နည်းပြ ခရစ်ကိုးလ်မန်းကလည်း ယင်းတိုက်စစ်မှူးသည်ရရှိထားသော ဒဏ်ရာကို အကာအကွယ် လုပ်၍ ပါဝင်ကစားရန်မှာ မလွယ်ကူကြောင်း ပြောကြားသည်။

ဘိုအာမော်တေသည် ယခုနှစ် ရာသီတွင် ဖူလ်ဟမ်အသင်း၌ အများဆုံး အနားယူရမည့်သူဖြစ်ပြီး ငါးပွဲပါဝင်နိုင်မည်မဟုတ်ဟု ဆိုသည်။



ဖူလ်ဟမ်တိုက်စစ်မှူး လူးဝစ်ဘိုအာမော်တေ။

ဖူလ်ဟမ် ကစားသမားအချို့ ဒဏ်ရာရထားသဖြင့် ချယ်လ်ဆီးနှင့် ကစားမည့် စက်တင်ဘာ ၂၃ရက် ပွဲစဉ်တွင် ဖူလ်ဟမ်တို့ ချယ်လ်ဆီးကို ခက်ခဲစွာ ယှဉ်ပြိုင်ရဖွယ်ရှိသည်။ **(အင်တာနက်)**

# ဒေးဗစ်ဘက်ခမ်းအား ရီးရဲမက်ဒရစ် ထပ်မံစာချုပ်မည်

**မက်ဒရစ် စက်တင်ဘာ ၂၁**

ရီးရဲမက်ဒရစ်အသင်းသည် ဒေးဗစ်ဘက်ခမ်းနှင့် လာမည့် သုံးပတ်အတွင်း စာချုပ်သစ်ချုပ်ဆိုမည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ်ဥက္ကဋ္ဌ ရာမွန်ကယ်ဒါရွန်က ပြောကြားလိုက်သည်။

**မျှော်လင့်**

ဒေးဗစ်ဘက်ခမ်းနှင့် ရီးရဲမက်ဒရစ်တို့ လက်ရှိစာချုပ်မှာ ယခုနှစ်ရာသီ အကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။ ထိုစာချုပ်ကို နှစ်နှစ်ထပ်မံတိုး၍ ချုပ်ဆိုရန် မျှော်လင့်ထားကြောင်း အဆိုပါ ဥက္ကဋ္ဌက ပြောကြားသည်။

**ထင်ကြေးပေး**

ရီးရဲမက်ဒရစ် အသင်းနည်းပြ ကာပယ်လိုက ဘက်ခမ်းအား ပြီးခဲ့သော ဆိုစီဒက်နှင့်ပွဲတွင် အရန်လူအဖြစ် ထားကစားခဲ့၍ စပိန်မီဒီယာများက ဘက်ခမ်း၏အနာဂတ်နှင့် ပတ်သက်ပြီး ထင်ကြေးပေး ဝေဖန်လျက်ရှိသည်။

အာဆင်နယ်မှပြောင်းလာသော ရေးယက်စ်သည် ယင်းပွဲတွင် ဖရီးကစ်မှတစ်ဆင့် ပထမဆုံး ဂိုးသွင်းပေးနိုင်ခဲ့သည်။ ပွဲချိန် ၇၃မိနစ်တွင် ရေးယက်စ်အစား ဘက်ခမ်းဝင်ကစားခဲ့သည်။

ဘက်ခမ်းသည် ရီးရဲမက်ဒရစ်သို့ ၂၀၀၃ခုနှစ်က မန်ယူမှ ပြောင်းရွှေ့လာခဲ့သည်။ ၎င်းရောက်ရှိပြီးနောက် ရီးရဲမက်ဒရစ်အသင်းသည် ဖလားတစ်လုံးမျှ ဆွတ်ခူးနိုင်ခြင်း မရှိချေ။ **(အင်တာနက်)**



ရီးရဲမက်ဒရစ်မှ ဒေးဗစ်ဘက်ခမ်း။

# အာဆင်နယ်အသင်း ကြွေးမြီ ပေါင်သန်း ၁၀၀အထိတိုးလာ

**လန်ဒန် စက်တင်ဘာ ၂၁**

အာဆင်နယ်အသင်း၏ ကြွေးမြီသည် ဟိုက်ဘူရီမှ အီးမရိတ်ကွင်းသစ်ကြီးသို့ ပြောင်းရွှေ့လာပြီးနောက် ပေါင်သန်း၁၀၀ကျော် တိုးလာခဲ့သည်ဟု ဆိုသည်။

အာဆင်နယ်အသင်း၏ စုစုပေါင်း ကြွေးမြီမှာ၂၀၀၅ခုနှစ်က ပေါင်၁၅၃ ဒသမ ၃သန်းရှိရာမှ ယခုအခါ အကြွေး ပေါင် ၂၆၂ဒသမ၁သန်းအထိ ရှိလာကြောင်း အသင်းဥက္ကဋ္ဌပီတာဟေးလ်ဝုဒ်က ကြေညာသည်။ **(အင်တာနက်)**

### ရေးသားတင်ပြသူ
### မြင့်မောင်စိုး



အာဆင်နယ်အသင်း၏ အီးမရိတ်ကွင်းသစ်ကြီး။



# ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**သာစည် စက်တင်ဘာ ၁၂**

စတုတ္ထနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များအဖြစ် ပထမအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းအခမ်းအနားကို စက်တင်ဘာ ၃ရက် နံနက် ၉နာရီက သာစည်မြို့နယ် မြို့နယ်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်နှင့်ဇနီး ဒေါ်မေစိုးသူ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်အောင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်နု၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ကြည်စန်းနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကလေးမိခင်များ တက်ရောက်ကြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့တို့က ကလေးမိခင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေစိုးသူ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်အောင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်နုတို့က ကလေးငယ်များကို ကာကွယ်ဆေးတိုက်ကျွေးကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

# မိုးရာသီ အရိပ်ရပင်များစိုက်ပျိုးပွဲ လင်းခေးမြို့နယ်၌ကျင်းပ

လင်းခေး စက်တင်ဘာ ၁၀

**လင်းခေးခရိုင် လင်းခေးမြို့နယ် ပြည်သာယာလမ်းနှင့်ဆေးရုံလမ်းဘေးဝဲယာတစ်လျှောက် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို စက်တင်ဘာ ၄ရက် နံနက် ၈နာရီက အဆိုပါလမ်းတွင်ကျင်းပသည်။**

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား အရိပ်ရပင်များကို ပေးအပ်ပြီး သစ်ပင်ပေါင်း ၁၉၅၃ ပင် စိုက်ပျိုးကြသည်။

**အမှာစကားပြော**

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလားဘောလုံးပွဲဖွင့်ပွဲအခမ်းအနားကို လင်းခေးမြို့နယ် ပြည်ငြိမ်းအေး အားကစားကွင်း၌ စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁နာရီက ဆက်လက်ကျင်းပရာ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းက တက်ရောက်ဖွင့်လှစ်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အတူ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်နှင့်မြို့များမှ အမျိုးသား ခုနစ်သင်း၊ အမျိုးသမီး လေးသင်းတို့ တက်ရောက်ကြည့်ရှု အားပေးပြီး ကွင်းဖွင့်ပွဲတွင် လင်းခေးမြို့နယ် အမျိုးသားအသင်းနှင့် မိုးနဲမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

**အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန် စက်တင်ဘာ ၁၀ ရက်က ပုဏ္ဏားစုကျေးရွာ တံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်က ရှင်းလင်းပြသစဉ်။**

(၁၁၆)



**မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြို့ဝင်ဆိုင်းဘုတ်နှင့် မြေခင်းအလှဆောင်ရွက်မှုကို စက်တင်ဘာ ၂ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)

## မြန်မာ့အသံ နားဆင်ခရာ

**၁၃၆၈ ခုနှစ်**
**သီတင်းကျွတ်လဆန်း ၂ ရက်**
**၂၃-၉-၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၀၉း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) တေးဆိုမယ် (ညွှန့်ဝင်း-အေဝမ်းတင်တင်လှ)
(၂) လောကသစ်လေးရှာစို့ကွယ် (ကျော်မြင့်ဦး-တက္ကသိုလ်ဖြူဖြူသီ)
(၃) ချစ်သမျှကမ္ဘာတည်မယ် (မြသောင်းထွတ်-တက္ကသိုလ်လဲ့လဲ့)

၀၉း၄၅ အာဆီယံအစီအစဉ်

၁၀း၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ်အမျိုးသမီး အဆိုပြိုင်ပွဲဝင်များလေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်)**
**(၁) မေတ္တာ (မြသက်မူ)**
**- ပညာရှင်အဆင့် အမျိုးသား လေ့လာရန်**
**(၂) ပတ္တမြားပလ္လင် (ဂီတာစိမ်းမောင်)**
**(၃) ဇောမိပင်နှင့် ရွှေပလ္လင် (ဒေါ်ကြည်အောင်)**

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာ ပြန်ကြားလွှာ)

၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) မေတ္တာသည်သာ (ခေါင်းကြီး)
(၂) အပြာရောင်ကောင်းကင်ကြီးနဲ့ အပြိုင် (ဆောင်းပါးသရုပ်ဖော်)

၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၁၂း၁၀ နေ့စဉ်သုံး အီဒီယမ် (ဦးသိန်းလွင်)

၁၃း၁၀ ပညာရေးအသံလွှင့် အစီအစဉ် (အထက်တန်း-ဓာတုဗေဒ၊ အော်ဂဲနစ်ဓာတုဗေဒနှင့် လူ့အဖွဲ့အစည်းအတွက် အသုံးချဓာတုဗေဒ)

**ညနေပိုင်း**

၁၆း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ဆယ်နှစ်လောက်က သူငယ်ချင်း (ဝင်းမာလေး)
(၂) နောက်များဆို မချစ်ရလိုပြီ (ညိုမြလေး)
(၃) အချစ်ပုန်းလေးလူမိသွားပြီ (မေစန္ဒာ)

၁၇း၀၀ ခေတ်ဟောင်းတေး
(၁) ဆုထူးရွှယ် (ဦးဘညွန့်)
(၂) ရွှေကြာပန်း (ခင်လှလှ)
(၃) လင်မယားဝါဒ (ခင်မောင်ရင်၊ မေမေဝင်း)

၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း

၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (လမ်းလျှောက်ခြင်း-မောင်ဝင်း)

၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ချိုကြည်သာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အကိုမောင်တွေက တစ်ပတ်ရှစ်ရက်တေးစီးရီး)
-တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့)

၂၀း၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) နှုတ်မဆက်ဘဲနေချင်တယ် (ကိုလှမြိုင်)
(၂) မျှော်လင့်လင့်ခုတိုင်တိုင် (နိုင်နိုင်မော်)
(၃) မြနှယ်စိမ်းစိမ်း (ကျောက်ပန်းတောင်း ကျော်လွင်)



# ကျုံကဇင်းကျောင်းတိုက် မိုးကုတ်ဝိပဿနာ ငွေရတုသဘင်အထိမ်းအမှတ်ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

နေပြည်တော်မြို့နယ် ကျုံတနီးကျေးရွာအုပ်စု ကျုံကဇင်းကျေးရွာ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ကကြီးမှူး၍ အသောကာရာမ ကျုံကဇင်းကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၏ (၂၅)ကြိမ်မြောက် ငွေရတုသဘင် အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက် ည ၇ နာရီက အဆိုပါ ဓမ္မရိပ်သာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အသောကာရာမ ကျုံကဇင်းကျောင်းတိုက် ပဓာနနာယကကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တ ဣန္ဒာသဘက ငွေရတုသဘင်အဖွင့် သီလပေးဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ ဥက္ကဋ္ဌဦးကျော်ဝင်းက ငွေရတုသဘင်ဂုဏ်ပြု အမှာစကားပြောကြားပြီး ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်မှ သာသနာ့ဟိတဓရ ရွှေတံဆိပ်ဘွဲ့ရ ဆရာကြီး ဦးစောအောင်က မိုးကုတ်ဝိပဿနာ စခန်းနှင့်ပတ်သက်၍ သိမှတ်စရာများကို ရှင်းလင်းကာ နယ်လှည့်ဓမ္မကထိက ဆရာဦးတင်စိုးက စခန်းဝင်ယောဂီများ လိုက်နာရမည့်စည်းကမ်းနှင့် အချိန်စာရင်းကို ဖတ်ကြားသည်။ **(၀၈၅)**

# စပါးသီးနှံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး စနစ်တကျဆေးဖျန်းနည်းများ လက်တွေ့ပြသ

**လက်ပံတန်း စက်တင်ဘာ ၁၈**

လက်ပံတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ စပါးသီးနှံ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာ လက်တွေ့ပြသပွဲကို စက်တင်ဘာ ၁၆ရက်က လက်ပံတန်းမြို့နယ် မကျီးကွင်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၁၅၉) တောင်သူဦးကံမြင့်၏လယ်မြေ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်သိန်းတို့က အမှာစကားပြောကြားကြပြီး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းမြတ်စိုးက မိုးစပါးသီးနှံ အောင်မြင်ဖြစ်ထွန်းရေးအတွက် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းလမ်းများနှင့် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**လက်တွေ့ပြသ**

ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်း) မြန်မာ့စီးပွားရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးစန်းမောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ရုံးချုပ်) သီးနှံကာကွယ်ရေးမှ ဒုတိယအထွေထွေမန်နေဂျာ ဒေါ်မေမေခင် ဦးဆောင်သည့်အဖွဲ့က စပါးသီးနှံပိုးမွှားရောဂါ ကာကွယ်ရေးနည်းပညာများကို ရှင်းလင်းတင်ပြပြီး ပိုးသတ်ဆေးသုံးစွဲပုံ စနစ်တကျဆေးဖျန်းနည်းများ လက်တွေ့ပြသရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့က လိုက်လံကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**



**ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဩဂုတ် ၃၁ ရက်က အမှုဆောင် အရာရှိ ဦးတင်ဝင်း ကြီးကြပ်စဉ်။**
(မြို့နယ် စည်ပင်)



# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး စေတနာထက်သန်စွာ ဘဏ္ဍာငွေများ ထည့်ဝင်လှူဒါန်းခြင်းသည် သာမန်ပံ့ပိုးကူညီလှူဒါန်းခြင်းမျိုးမဟုတ် အမျိုးသားရေးတာဝန်၊ နိုင်ငံ့တာဝန်ကို မျိုးချစ်စိတ်ဓာတ်ဖြင့် တစ်တပ်တစ်အား ပါဝင်ထမ်းရွက်ခြင်းဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၁**

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် ပထမအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ အထူးဖွံ့ဖြိုးရေး စီမံကိန်းရှင်းလင်းဆောင်၌ ကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားပြီး အလှူငွေများကို လက်ခံသည်။

## တက်ရောက်

အဆိုပါအခမ်းအနားသို့ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

## စဉ်ဆက်မပြတ်ပေါ်ထွက်လာရေး

ရှေးဦးစွာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့်

*စာမျက်နှာ ၈ ကော်လံ ၁* ■




**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတွက် ပထမအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦး ထံမှ အလှူငွေများကို လက်ခံစဉ်။** (သတင်းစဉ်)

# NLD ပါတီအပေါ် အယုံအကြည် မရှိ ပါတီ၏လုပ်ငန်းများကို စိတ်ပါဝင်စားမှု မရှိတော့ ဘုတလင်မြို့နယ် NLD ပါတီဝင် ၂၁ ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် စက်တင်ဘာ ၂၁**

စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ပန်မိုကျေးရွာမှ ဦးစိုးလွင်၊ ဦးစောမြင့်အောင်၊ ဦးညို၊ ဦးသန်းရင်၊ ဦးငွေမောင်၊ ဦးမြင့်အောင်၊ ဦးငြိမ်း၊ ဦးဝင်းနိုင်၊ ဦးလှမြင့်၊ ဦးဝင်း၊ ဦးလှမောင်၊ ဦးငွေလှိုင်၊ ဦးဒွေး၊ ဦးကောင်းလှိုင်၊ ဦးတင့်၊ ဦးရာပို၊ ဦးသန်းမြင့်၊ ဦးတင်နွယ်၊ ဦးအောင်လွင်၊ ဒေါ်အေးပုနှင့် ဒေါ်ခင်စန်းဝင်းတို့သည် ဩဂုတ် ၂၁ ရက်တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့လည်းကောင်း သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဘုတလင်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ ပေးပို့ခဲ့သည့် အဆိုပါ ပါတီဝင် ၂၁ ဦးတို့၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLDပါတီအပေါ် အယုံအကြည်မရှိတော့သဖြင့်လည်းကောင်း၊ ပါတီ၏လုပ်ငန်းများကို စိတ်ပါဝင်စားမှုမရှိတော့သဖြင့်လည်းကောင်း ပါတီဝင်အဖြစ်မှ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

## စက်တင်ဘာ ၂၁ ရက်၌ မိုးရွာသွန်းလေသမျှ

| | | | | | |
|---|---|---|---|---|---|
| နေပြည်တော် | ၀ | ဒသမ | ၄၀ | လက်မ |
| အမ်းမြို့ | ၇ | ဒသမ | ၇၅ | လက်မ |
| ကျောက်ဖြူ | ၆ | ဒသမ | ၃၄ | လက်မ |
| မောင်တော | ၅ | ဒသမ | ၁၂ | လက်မ |
| ရွှေကျင် | ၂ | ဒသမ | ၆၈ | လက်မ |
| စစ်တွေ | ၂ | ဒသမ | ၄၄ | လက်မ |
| ကျောက်တော် | ၂ | ဒသမ | ၄၀ | လက်မ |
| ပြင်ဦးလွင် | ၂ | ဒသမ | ၀၀ | လက်မ |
| ကန့်ဘလူ | ၁ | ဒသမ | ၈၉ | လက်မ |
| ရန်ကုန်(မင်္ဂလာဒုံ) | ၁ | ဒသမ | ၁၈ | လက်မ |
| ရွှေဘို | ၁ | ဒသမ | ၁၁ | လက်မ |
| မန္တလေး | ၁ | ဒသမ | ၀၂ | လက်မ |



# အတ္တလန်တစ်လွန်းပြန်ယာဉ် ကမ္ဘာမြေပြင်သို့ အောင်မြင်စွာဆင်းသက်

**ဖလော်ရီဒါ စက်တင်ဘာ ၂၁** အင်တာနက်သတင်း

အတ္တလန်တစ် လွန်းပြန်ယာဉ်ကြီးသည် နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်) တည်ဆောက်ရေးအတွက် ၁၂ ရက်ကြာသွားရောက်ခဲ့ပြီးနောက် ယင်းအာကာသစခန်းမှ ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းသို့ စက်တင်ဘာ ၂၁ ရက်တွင် အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ပြီဖြစ်သည်။

## တတိယမြောက်

အဆိုပါလွန်းပြန်ယာဉ်သည် ၂၀၀၃ခုနှစ်က ကိုလံဘီယာလွန်းပြန်ယာဉ်ပျက်ကျခဲ့ပြီးနောက် တတိယမြောက် အာကာသစခန်းသို့ သွားရောက်ခဲ့သည့် လွန်းပြန်ယာဉ်ဖြစ်သည်။

## တစ်ရက်နောက်ကျ

ယင်းလွန်းပြန်ယာဉ်သည် စက်တင်ဘာ ၂၀ ရက်က ကမ္ဘာမြေသို့ပြန်လည်ဆင်းသက်ရန် ပြင်ဆင်ခဲ့သော်လည်း လွန်းပြန်ယာဉ်၏အပြင်ဘက်ပိုင်းတွင် ချွတ်ယွင်းချက်အနည်းငယ်ရှိ၍ ဆင်းသက်မှုကို ရွှေ့ဆိုင်းကာ တစ်ရက်နောက်ကျပြီးမှ ဆင်းသက်ခဲ့သည်ဟု နာဆာအာကာသယာဉ်မှူးများက ပြောကြားသည်။

သို့သော်လည်း လွန်းပြန်ယာဉ် ကမ္ဘာမြေသို့ပြန်ရောက်ချိန်တွင် စစ်ဆေးချက်များအရ ထိခိုက်ပျက်စီးမှု တစ်စုံတစ်ရာမရှိဟု ဆိုသည်။

၎င်းလွန်းပြန်ယာဉ်နှင့်အတူ အာကာသယာဉ်မှူးခြောက်ဦးစလုံး**(ဓါတ်ပုံ)** ပြန်လည်လိုက်ပါလာကြသည်။

**(ကိုးကား–အင်တာနက်)**

22-9 (20) 1 9/22/06, 1:30 AM